မန္တလေးနေ့စဉ်

The Mandalay Daily

ခရုတွင်စုန့်စဉ် ၊ရိုဝင်ဘာလ ဥဝရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၃၂၄)၊ ၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်၊ ၂၈-၁၀-၂၀၂၆၊ ဗုဒ္ဓဟူးနေ့။

မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာအကပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တိုင်းရင်းသားရိုးရာ အကအဖွဲ့များ၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပနေမှုများ တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဆင်ဖြူရှင်ခန်းမနှင့် ပုဗ္ဗသီရိအားကစားခန်းမတို့၌ ကျင်းပလျက်ရှိသည့် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို တက်ရောက်ကြည့်ရှုအားပေးကြသည်။

စာမျက်နှာ ၃ သို့ ☆

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲများ ယခင်နှစ်များထက် စည်ကား



မြစ်ကြီးနား အောက်တိုဘာ ၂၇

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ဘုရားစေတီပုထိုးများတွင် ယမန်နေ့ သီတင်းကျွတ်လပြည့်က ကုသိုလ်ဒါန ပြုကြသူများ၊ ဆီမီးပူဇော်ပွဲများ၊ မီးပုံးပျံ လွှတ်တင်ပူဇော်မှုများ၊ မင်းရုပ်ပြည်သူ့အားကစားကွင်းအတွင်း သီတင်းကျွတ် မီးထွန်းပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲများကို ကျင်းပခဲ့ပြီး ယခင်နှစ်များထက် စည်ကားခဲ့သည်။


သီတင်းကျွတ် လပြည့်ညတွင် ပြည်သူများက မြစ်ကြီးနားမြို့ သီတာရပ်ကွက်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် လောကမာန်အောင် ဆုတောင်းပြည့် စေတီတော်ရင်ပြင်၌ ဆီမီးတစ်ထောင် စာမျက်နှာ ၃ သို့ ❐

အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်"၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းတို့ ဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၂၇

အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်"အခြေအနေ

ယနေ့မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင်ဖြစ်ပေါ်နေသော အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်"သည် ဆက်လက်တည်ရှိနေသည်။ စာမျက်နှာ ၄ သို့ ○



MSME လုပ်ငန်းများကို အထောက်အကူဖြစ်စေသည့် ပါကင်ပိတ်စက်များ ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်

ရန်ကုန် အောက်တိုဘာ ၂၇

မြန်မာနိုင်ငံအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ထုတ်ကုန်များ ဈေးကွက်ထိုးဖောက်နိုင်ရန် ရည်ရွယ်၍ ပါကင်ပိတ်စက်များကို ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၄ သို့ ○

ယနေ့ ဖတ်စရာအညွှန်း

၂၀၂၆ခုနှစ်အတွက် Ballon d'Or ဆုကို ဟယ်ရီကိန်း ဆွတ်ခူး

စာမျက်နှာ ၁၁

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့။

စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံ၍ စီးပွားရေးပွဲပြိုးတိုးတက်စေရေး ဆောင်ရွက်လျက်ရှိ

ဒေသပွဲပြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြေပြင်မှတင်ပြသည့် ကိန်းဂဏန်းအချက်အလက်များသည် မှန်ကန်တိကျမှုရှိရန် အထူးပင်အရေးကြီးကြောင်း။ ထို့ကြောင့် စိုက်ပျိုးထုတ်လုပ်မှု၊ မွေးမြူရေးနှင့် သီးနှံအထွက်နှုန်းစာရင်းများကို မြေပြင်အခြေအနေမှန်အတိုင်း တိကျမှန်ကန်စွာ ကောက်ယူတင်ပြရန် လိုအပ်ကြောင်း။ စိုက်ပျိုးရေးကဏ္ဍတွင် မိုး၊ မြေ၊ ရေ နည်းစသည်တို့ကို စနစ်တကျ ဆောင်ရွက်၍ ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းရရှိအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း။ စိုက်ကေတိုးခဲ့ခြင်းမှာ မူပါဒမဟုတ်ဘဲ အထွက်နှုန်းတိုးတက်ကောင်းမွန်စေရေးမှာ မူပါဒဖြစ်သဖြင့် အလေးထားဆောင်ရွက်ရန်ဖြစ်ကြောင်း ရမည်းသင်းခရိုင်တွင် စပျစ်စိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်လိုအပ်ကြောင်း နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက အောက်တိုဘာ ၂၄ ရက်တွင် ရမည်းသင်းမြို့ရှိ သီလဝန်းမဋ္ဌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံရာတွင်ပြောကြားခဲ့သည်။

စိုက်ပျိုးမြေများတွင် သီးထပ်များ စိုက်ပျိုးသွားရန်နှင့် အနည်းဆုံး နှစ်သီးစိုက်ပျိုးနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်သည်။ ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များ ပိုမိုထုတ်လုပ်ပြီး ပို့ကုန်များ တိုးတက်လာစေရေးအတွက် မြေများကို စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ၌ အကျိုးရှိရှိအသုံးချရန်၊ စိုက်ပျိုးရေးကို အခြေခံသောစက်မှုလုပ်ငန်းဖွံ့ပြိုးတိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း။ ဒေသတွင်း ဖူလုံမှုရှိအောင် ဦးစွာဆောင်ရွက်ပြီးပါက ပိုလျှံလျှင် ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် စျေးကွက်ရရှိရေးနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်နေသည့် ဒေသများနှင့် စက်ရုံများကို ချိတ်ဆက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်ပြီး ကျေးလက်စီးပွားရေးလည်းဖွံ့ပြိုးလာမည်ဖြစ်ကြောင်း။ ကြက်၊ ဝက်၊ ဆိတ်၊ နွားများကို တိုးချဲ့မွေးမြူပြီး ကြက်သား။ ကြက်ဥ၊ အေးခဲအသားများ ထုတ်လုပ်ခြင်းစသည့် MSME လုပ်ငန်းများကို စံပြဖြစ်အောင် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း။ နို့နှင့် နို့ဆီ၊ နို့စိမ်း၊ နို့ထွက်ပစ္စည်းများ ပြည်တွင်းဖူလုံမှုရှိစေရေးအတွက် ရမည်းသင်းခရိုင်တွင် နို့စားနွားမွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။ ဝါအခြေခံစက်မှုလုပ်ငန်းဖွံ့ပြိုးတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။ မြို့ပြနှင့် ကျေးလက်ဒေသများ သန့်ရှင်းသာယာလုပ်ရေး ဆောင်ရွက်ရာတွင် ပြည်သူများ အသိပညာပေးခြင်းနှင့် စည်းရုံးလှုပ်ရှားဆောင်ရွက်သွားရန် လိုအပ်ကြောင်းပြောကြားခဲ့သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံ၍ စီးပွားရေးဖွံ့ပြိုးတိုးတက်စေရေးဆောင်ရွက်လျက်ရှိရာတွင် ရာသီဥတုပြောင်းလဲမှုနှင့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူချိန်မြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်းများဖြစ်ပေါ်နိုင်သဖြင့် စိုက်ပျိုးရေးနှင့် သောက်သုံးရေ လုံလောက်မှုရှိစေရန် စက်ရေတွင်းများတူးဖော်ခြင်း၊ ရေကန်များအတွင်း ရေကြီးတင်ဖြည့်တင်းခြင်းလုပ်ငန်းများနှင့် ရေအရင်းအမြစ် ရေရှည်စီမံခန့်ခွဲမှုများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

(၄၆)ကြိမ်မြောက် ဗုဒ္ဓဘူဇနိယပွဲတော်နှင့် သံဃာ့ဒါနဆွမ်းတော်ကြီးလောင်းလှူပွဲ ကျင်းပမည်

မန္တလေး အောက်တိုဘာ ၂၇

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ တမွဝတီရပ်ကွက်၊ ချီပါအနောက်ရပ်ရှိ ရတနာ့ဂုဏ်ရည်ခမ္မဗိမာန်၏ (၄၆)ကြိမ်မြောက် ဗုဒ္ဓဘူဇနိယပွဲတော်နှင့် သံဃာ့ဒါနဆွမ်းတော်ကြီးလောင်းလှူပွဲကို နိုဝင်ဘာ ၂ ရက်နှင့် ၃ ရက် တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဗုဒ္ဓဘူဇနိယပွဲတော်တွင် လှူဒါန်းမည့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ရတနာ့ဂုဏ်ရည်ခမ္မဗိမာန်အတွင်း၌ နိုဝင်ဘာ ၂ ရက်ညနေပိုင်းတွင် ကြည်ညိုဖွယ်ရာခင်းကျင်းမည်ဖြစ်ပြီး နိုဝင်ဘာ ၃ ရက်နံနက်ပိုင်း၌ ပင့်သံဃာအပေါ်း ၂၅၀ ကျော်အား သံဃာ့ဒါနဆွမ်းတော်ကြီးလောင်းလှူကာ လှူဖွယ်ဝတ္ထုပစ္စည်းများကို စာရေးတံမဲဆက်ကပ်လှူဒါန်း၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြမည်ဖြစ်ကြောင်း သိရသည်။ **(၀၅၃)**

ရာသီအလှဝန်းရံခ အမည်ပြင့် ပန်းချီဆရာအောင်အောင်၏ ပထမအကြိမ် တစ်ကိုယ်တော်စီးရီး ပန်းချီပြပွဲပြသမည်

မန္တလေး အောက်တိုဘာ ၂၇

ပန်းချီဆရာအောင်အောင်၏ ပထမအကြိမ် တစ်ကိုယ်တော် ပန်းချီပြပွဲအဖြစ် ရာသီအလှဝန်းရံခ အမည်ဖြင့် ပန်းချီပြပွဲကို အောက်တိုဘာ ၂၉ ရက်နံနက် ၁၀ နာရီတွင် မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၇၄ လမ်း တံခွန်တိုင်အိုင်းအနီး ဂါးဒင်း စီးတီးအိမ်ရာရှိ သီရိပစ္စယာအနုပညာပြခန်းတွင် ဖွင့်လှစ်ပြသမည်ဖြစ်သည်။

ပြပွဲတွင် ၁၂ လရာသီပန်းများကို စီးရီးအဖြစ်ပင်တိုင်ထားပြီး မြန်မာ့ရိုးရာဟန်အမျိုးသမီးများ ဝန်းရံပြသသွားမည်ဖြစ်ပြီး မြန်မာ့ရိုးရာရနံ့ ထုံသင်းသောပန်းများနှင့် အမျိုးသမီးစီးရီးအဖြစ် ပန်းများနှင့်အမျိုးသမီးစီးရီးအဖြစ် ပန်းချီကား ၂၄ ကားကို ပြသသွားမည်ဖြစ်ကာ ပြပွဲကာလမှာ အောက်တိုဘာ ၂၉ ရက်မှ ၃၁ ရက်အထိ သုံးရက်တိုင် နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်၍ ပန်းချီချစ်မြတ်နိုးသူများ လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။ **(ကျော်မင်းသော်)**

ပြင်ဦးလွင်မြို့တွင် ဒသမအကြိမ်မြောက် ဂိုဏ်းပေါင်းစုံ သံဃမဟာပဝါရဏာပူဇော်ပွဲ ကျင်းပ

ပြင်ဦးလွင် အောက်တိုဘာ ၂၇

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ညံတောရပ်ရှိ ဦးခန္တီဘုရားရှေ့ သံဃသာမဂ္ဂီမဟာပဝါရဏာသိမ်တော်ကြီးတွင် ဒသမအကြိမ်မြောက် ဂိုဏ်းပေါင်းစုံ သံဃမဟာပဝါရဏာပူဇော်ပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲကစတင်ကျင်းပခဲ့သည်။

အဆိုပါပူဇော်ပွဲတွင် သက်တော်ရှည် အရှင်သုမြတ်များအပါအဝင် သံဃာတော်အပေါ်း ၁၄၀၀ ကျော်အား သင်္ကန်း၊ ထီး၊ ဖိနပ်၊ သွားတိုက်ဆေး၊ ဆပ်ပြာ၊ စာရေးကိရိယာနှင့် အခြားလှူဖွယ်ဝတ္ထုပစ္စည်းများကို လောင်းလှူခဲ့ကြသည်။



အခမ်းအနားသို့ ပြင်ဦးလွင်မြို့ပေါ်ရှိ ရတနာမာန်အောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ကဝိန္ဒနှင့် သံဃာတော်အပေါ်း ၁၄၀၀၊ ပြင်ဦးလွင်တပ်ဖွဲ့မှ တာဝန်ရှိသူများနှင့် မိသားစုဝင်များ တက်ရောက်ခဲ့ကြသည်။

ထို့ပြင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၁) ဦးဝင်းဇော်၊ ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရဲထူး၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပြင်ဦးလွင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ခေါင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန့်ဇင်နှင့် ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ အလှူရှင်များ စုစုပေါင်း ၂၅၀၀ တက်ရောက်ခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသူများက သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။ **(၀၇၀)**

မကွေးမြို့နယ်၌ အယ်လ်နီညိုအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေး ဟောပြော

မကွေး အောက်တိုဘာ ၂၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ပူးပေါင်း၍ အယ်လ်နီညိုအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မကွေးမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်က အယ်လ်နီညိုအန္တရာယ်ကျရောက်လာနိုင်သည့် အခြေအနေများ၊ အယ်လ်နီညိုကျရောက်ပါက ဖြစ်ပေါ်လာနိုင်သည့် အကျိုးသက်ရောက်မှုများ၊ အယ်လ်နီညိုကြောင့် သောက်သုံးရေပြတ်လပ်မှုဖြစ်ပေါ်ပါက ဌာနမှ ဆောင်ရွက်ပေးမည့် အခြေအနေများ၊ အယ်လ်နီညိုသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရန်အချက်များ၊ အယ်လ်နီညိုဖြစ်ပွားချိန်တွင် လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အယ်လ်နီညိုအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

အဆိုပါဟောပြောပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မကွေးမြို့နယ်အတွင်းရှိ ကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိ၊ ရပ်ဖများ တက်ရောက်ခဲ့ကြောင်း မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အိပိုးပိုး

၀-၀-၀-၀-၀

သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper @gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့.စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချီရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၀၄၇၃၃၈၊ ၀၂-၂၀၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း-၇၅၁၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်

လူငယ်တွေ ပညာတတ်ဖြစ်အောင်လုပ်၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်၊ အပျော်အပါးတွေလျှော့

လူငယ်တွေအနေနဲ့ ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင်လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေ လျှော့စေချင်တယ်။ လူငယ်တွေ ကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေ အများကြီးရှိပါတယ်။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၃၁-၇-၂၀၂၆ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့သို့ တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက် (၁၀၀)ပြည့် အခြေပြမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းမှုများအပေါ် ဖြေကြားချက်မှ ကောက်နုတ်ချက်)



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ အမျိုးသား ခုံမင်းအတီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး၏ တေးသီချင်းအလိုက် တီးခတ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

☆ ရှေ့ဖုံးမှ

အဆိုပါပြိုင်ပွဲများသို့ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့နှင့်အတူ ဒုတိယသမ္မတ ဒေါ်နန်းခိုနိမ်အေး၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အနုသုခုမပညာရပ်ကို ချစ်မြတ်နိုးကြသည့်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည် ဆင်ဖြူရှုင်ခန်းမ၌ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖော်ညွှန်းရန်နှင့် အေးအတူပူအမျှ အတူတကွ လက်တွဲ နေထိုင်လိုသည့် ပြည်ထောင်စုစိတ်ဓာတ်ကို ထာဝရဖော်ညွှန်းရန်၊ တိုင်းရင်းသားတို့၏ ရိုးရာအကအလှများကို ပြန်လည်ဖော်ထုတ်ထိန်းသိမ်းရန် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်လျက်ရှိသည့် တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ အကပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြိုင်ပွဲဝင်တိုင်းရင်းသားရိုးရာအကအဖွဲ့များ၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ပုဇွန်သီရိအားကစားခန်းမ၌ ကျင်းပပြုလုပ်လျက်ရှိသည့် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသမီးနှင့် ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား ခုံမင်းအတီးပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပြိုင်ပွဲဝင်များက တေးသီချင်းများအလိုက် တီးခတ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

ယှဉ်ပြိုင်မှုများ အပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ပြိုင်ပွဲအလိုက် အကဲဖြတ်ဆောင်ရွက်ပေးနေသည့်အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်များနှင့် လာရောက်အားပေးကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြသည်။

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များအကြား တွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေး စိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊ မြန်မာ့ယဉ်ကျေးမှု အနုပညာရပ်များ စဉ်ဆက်မပျက် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ နိုင်ငံတော်တည်ဆောက်ရေး ကဏ္ဍာတွင် ယဉ်ကျေးမှု အနုပညာစွမ်းအား ဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည့် ဦးတည်ချက်များဖြင့် ပြိုင်ပွဲအမျိုးအစားများအလိုက် သတ်မှတ်ထားသည့် နေရာအသီးသီးတွင် ကျင်းပပြုလုပ်နေခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များက အနုပညာရသပေါ်လွင်စွာဖြင့် ယှဉ်ပြိုင်လျက်ရှိကြသည့် အပြင် အနုသုခုမပညာရပ်ကို စိတ်ပါဝင်စားကြသည့် ဝါသနာရှင်များကလည်း လာရောက်ကြည့်ရှုအားပေးလျက်ရှိကြကြောင်း သိရသည်။

သတင်းစဉ်



တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ အကပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တိုင်းရင်းသားရိုးရာအကအဖွဲ့၏ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ အကပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်တိုင်းရင်းသားရိုးရာအကအဖွဲ့၏ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

❐ ကချင်ပြည်နယ်မှ

ထွန်းညီပူဇော်မှုကို ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်တို့က သွားရောက်ကြည့်ရှုအားပေးကြပြီး အတူတကွ ဆီမီးထွန်းညှိပူဇော်ကာ မုန့်နှင့် အချိုရည်ဘူးများကို စတုဒိသာအဖြစ် ဧည့်ခံကျွေးမွေးသည်။

ထို့အတူ ရပ်တော်မူရုပ်ပွားတော်မြတ်ကြီး၊ လျောင်းတော်မူရုပ်ပွားတော်မြတ်ကြီးနှင့် ရှေးဟောင်းသမိုင်းဝင် အံတော်ရှင်စေတီတော်မြတ်ကြီးတို့တွင် ဆီမီးများ ထွန်းညှိပူဇော်ခြင်း၊ ကုသိုလ်ဒါနပြုခြင်းတို့ကို ပြည်သူများနှင့်အတူ ဆောင်ရွက်ခဲ့ပြီး သီတင်းကျွတ် မီးထွန်းပွဲတော်အထိမီးအမှတ် စျေးပွဲတော်ဆိုင်ခန်းများတွင် လာရောက်လည်ပတ်ကြသည့် ပြည်သူများအား ကြည့်ရှုအားပေးကြသည်။

အလားတူ မင်းရပ်ကွက် ပြည်သူ့အားကစားကွင်း၌ သီတင်းကျွတ်မီးထွန်းပွဲတော်တွင် ဖျော်ဖြေပွဲများ ကျင်းပနေမှု၊ ဌာနဆိုင်ရာများစုပေါင်း၍ မြန်မာ့ရိုးရာအစားအစာများ စတုဒိသာကျွေးမွေးနေမှုတို့ကို ကြည့်ရှုအားပေးပြီး ပြည်သူများနှင့်အတူ ရောင့်ရဲမီးရှူးမီးပန်းများ ပစ်ဖောက်၍ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ယနေ့မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ စီတာပူမနော်ကွင်းအတွင်း ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ အောက်တိုဘာ ၂၈ ရက်မှ ၃၀ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည့် သီတင်းကျွတ် MSME ထုတ်ကုန်ပြပွဲနှင့် စျေးရောင်းပွဲတော်ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

■

"ဝိဓူရ" ဇာတ်တော်ကြီး တင်ဆက်ကပြဖျော်ဖြေ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၇

မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်သောအားဖြင့် "သဘင် မာန်ဟုန် ရွှေရန်ကုန်" ဇာတ်တော်ကြီးအဖွဲ့က သမားစဉ်နှင့်အညီ ကပြဖျော်ဖြေ တင်ဆက်သည့် "ဝိဓူရ" ဇာတ်တော်ကြီးကို ယနေ့ ညပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်သဘင်ဆောင်အတွင်း၌ ကပြဖျော်ဖြေရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက်ကြည့်ရှုအားပေးသည်။ (ယာပုံ)





အဆိုပါ ဇာတ်တော်ကြီးတင်ဆက်ကပြဖျော်ဖြေပွဲ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်နီလာ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဧနီးများ၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို)ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ရေ၊လေ)ရှိ ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။ ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဝင်းအတွင်းရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တစ်ချိန်တည်း တစ်ပြိုင်တည်း ကြည့်ရှုနိုင်စေရန် အတွက် နဝဒေးခန်းမတွင်လည်း LED Board ဖြင့် တိုက်ရိုက်ပြသထားရှိသည်။

တင်ဆက်ကပြဖျော်ဖြေ

"ဝိဓူရ" ဇာတ်တော်ကြီးကို မြန်မာ့ရိုးရာအစဉ်အလာ သမားစဉ်နှင့်အညီ ဘုရားကန်တော့ခန်းနှင့် ဇာတ်တော်ကြီး သမားစဉ် အပျိုတော်ထွက်ခန်းတို့ဖြင့် အစပျိုးပြီး ကပြဖျော်ဖြေသည်။ ထို့နောက် ကောရေဗျာမင်း၊ သိကြားမင်း၊ နဂါးမင်း၊ ဂဠုန်မင်းတို့၏ အတိတ်ဘဝ (တေးသရုပ်ဖော်)ခန်း၊ ကောရေဗျာမင်း နန်းစီးခန်း၊ မင်းလေးပါးစုံညီ တရားပြိုင်ခန်း၊ နဂါးပြည်/ ဝရုဏနဂါးမင်း နဂါးပြည်တွင် ဝိဓူရအမတ်အကြောင်း ပြောဆို၍ မိဖုရားဝိမလာက ဝိဓူရအသည်းနှလုံး စားသုံးလိုကြောင်း ပူဆာခန်း၊ ဣရုဏတီသူရဲကောင်းရှာခန်း၊ ပုဏ္ဏကမြင်းစီးထွက်ခန်း၊ ပုဏ္ဏကနှင့် ဣရုဏတီဆုံစည်းခန်း၊ ပုဏ္ဏကဘီလူး ဝေပုလ္လတောင် ကိုခွဲ၍ ပတ္တမြားယူခန်း၊ ကောရေဗျာမင်းနှင့် ကစ္စည်းလုလင်တို့ ကြွေအန်ကစားခန်း၊ ဝိဓူရအိမ်တော်သို့ ပုဏ္ဏက/ကစ္စည်းလုလင် လိုက်လာခေါ်ဆောင်ခန်း၊ ဝိဓူရအား ပုဏ္ဏကက တောင်စဉ်(၇)ထပ်တိုက်ခန်း၊ အသူတစ်ရာနှက်သည့် ချောက်အတွင်း ပစ်ချမည်အဖြစ် ဝိဓူရ ငိုချင်းချခန်း၊ ဝိဓူရအမတ်ကြီး နဂါးပြည်သို့ရောက်ရှိ၍ တရားဟောခန်း၊ ဝိဓူရအမတ်ကြီး ပြည်တော်ဝင်ခန်း၊ နှစ်ပါးသွား ဇာတ်သိမ်းခန်းတို့ကို အနုပညာရှင်များက ဖြိုင်ဖြိုင်ဆိုင်ဆိုင် ထိထိမိမိ ဖြင့် ကျရာဇာတ်ရုပ်အလိုက် ဇာတ်ကွက်ပိုင်နိုင်စွာ တင်ဆက်ကပြ ဖျော်ဖြေကြသည်။

"ဝိဓူရ" ဇာတ်တော်ကြီးသည် ဗုဒ္ဓဝင်ဆယ်ဘွဲ့အနက်မှ နဝမမြောက် ဇာတ်တော်ကြီးဖြစ်ပြီး ဘုရားလောင်း ဝိဓူရပညာရှိ၏ ထူးကဲလှသည့် ဉာဏ်ပညာ၊ သစ္စာတရား၊ ကိုယ်ကျင့်သီလနှင့် ခိုင်မာတည်ကြည်သော စိတ်ဓာတ်၊ အန္တရာယ်နှင့် အခက်အခဲတို့ မည်မျှပင်ကြီးမားစေကာမူ သစ္စာတရားကို မစွန့်လွှတ်ခြင်း၊ ဉာဏ်ပညာဖြင့် အခြေအနေတို့ကို မှန်ကန်စွာ ဆင်ခြင်ဖြေရှင်းခြင်း ဖြင့် ကိုယ်ကျင့်တရားကို မြတ်နိုး စောင့်ထိန်းခြင်းတို့ကို ထင်ရှားစွာ ဖော်ညွှန်းထားသည့် ဇာတ်တော်ကြီးဖြစ်ကြောင်း၊ ဇာတ်တော်ကြီးကို ကိုယ်ကျင့်သီလဖြူစင်ဖြောင့်မတ်မှုအပေါ်တွင် အခြေခံသော ပညာ၏ အကျိုးကျေးဇူးများကို သိရှိသဘောပေါက်ကြစေရန်၊ သာဓုနုရတဂရား လေးပါး အကြောင်း သိရှိနားလည်ကျင့်သုံး လိုက်နာကြစေရန်၊ လောင်းကစားခြင်း၏ ဆိုးပြစ်နှင့် မကောင်းသော အကျိုးဆက်များကို သိရှိရှောင်ရှား နိုင်ကြစေရန်နှင့် ဝိဓူရဇာတ်တော်ကြီးကို ကြည့်ရှုခံစားလျက် သူတော်ကောင်း တရားနှင့် သူတော်ကောင်း၁၅၀ ခုနစ်ပါးကို ပွားများနိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကပြဖျော်ဖြေတင်ဆက်ခြင်းဖြစ်ကြောင်း သိရသည်။

ဇာတ်တော်ကြီး ကပြဖျော်ဖြေတင်ဆက်မှုအပြီးတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ဇာတ်တော်ကြီးတွင် ပါဝင်တင်ဆက်ကပြဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❍ MSME မှ

မြန်မာနိုင်ငံတွင် MSME လုပ်ငန်းများကို အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် သက်ဆိုင်ရာအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းဝင် ပြည်တွင်းလုပ်ငန်းရှင်များက ပါကင်ပိတ်စက်များကို ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်နေခြင်းဖြစ်သည်။

ကုန်ပစ္စည်းများထုတ်လုပ်ရာတွင် ထုပ်ပိုးမှု (Packaging)သည် ပထမဆုံးအမြင်အာရုံကို ဆွဲဆောင်နိုင်ရန် (First Attraction)နှင့် အရည်အသွေး၊ ကျန်းမာရေးနှင့် ညီညွတ်မှုတို့အတွက် အလွန်အရေးကြီးကြောင်း၊ ကုန်စည်အမျိုးအစားအလိုက် စားသုံးသူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် စနစ်တကျထုပ်ပိုးကြရကြောင်း မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းမှ တွဲဖက် အထွေထွေအတွင်းရေးမှူး(၁) ဦးထွန်းထွန်းက ပြောကြားသည်။

"MSME လုပ်ငန်းတွေအတွက် ရည်ရွယ်ပြီးကိုယ်ပိုင်ဒီဇိုင်းတွေနဲ့ ထုပ်ပိုးမှုအဆင့်မြှင့်တင်နိုင်ဖို့ ပါကင်ပိတ်စက်တွေကို ထုတ်လုပ်ထားတာပါ၊ လိုအပ်တဲ့ပစ္စည်းအနည်းငယ်ကိုသာ ပြည်ပကမှာယူပြီး ပြည်တွင်းမှာ တပ်ဆင်ထုတ်လုပ်တဲ့အတွက် ဈေးနှုန်းအများကြီး သက်သာပါတယ်။ စားသောက်ကုန်လုပ်ငန်းအတွက် အမှုန့်နဲ့ အရည်တွေ ထည့်သွင်းဖို့ သင့်လျော်တဲ့ထုပ်ပိုးမှုစနစ်တွေကို စီစဉ်ပေးထားပါတယ်" ဟု Master Pack Myanmar ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာကိုဇော်က ပြောသည်။


အဆိုပါ ပါကင်ပိတ်စက်များသည် ပြည်တွင်း၌ ထုတ်လုပ်တပ်ဆင်သည့်အတွက် ပြုပြင်ထိန်းသိမ်းရာတွင်လည်း အခက်အခဲမရှိဘဲ ပြည်ပမှ မှာယူတင်သွင်းသည့် စက်များနည်းတူ အရည်အသွေးကောင်းမွန်ပြီး နိုင်ငံခြားငွေစီးဆင်းမှုကိုလည်း လျော့ချနိုင်သည်။ စက်များကို လေ့လာလိုပါ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

ရှင်းခန့်အောင်



❍ အားအလွန်ကောင်းသောမှ

အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်" သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏အနောက်-အနောက်မြောက်ဘက်ရေပိုင် ၅၆၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏တောင်-အရှေ့တောင်ဘက် ရေပိုင် ၁၁၀ မိုင်ခန့်နှင့် ကာဂီနာဒါမြို့၏ အရှေ့တောင်ဘက် ရေမိုင် ၁၂၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဇယိုပြုနေသည်။



၂၇-၁၀-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၁၂၃၀ နာရီအချိန် တိုင်းထွာချက်အရ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်"(ARNAB) လမ်းကြောင်းပြမြေပုံ။

အားအလွန်ကောင်းသောဆိုင်ကလုန်းမုန်တိုင်း"အာနာဘ်"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိသဖြင့် အဝါရောင် အဆင့်ဟု သတ်မှတ်သည်။

အားအလွန်ကောင်းသော ဆိုင်ကလုန်း မုန်တိုင်း "အာနာဘ်"၏ တည်နေရာ၊ ဗဟို ချက် လေဖိအား နှင့် လေတိုက်နှုန်း

အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်"သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၆ ဒသမ ၀ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၄ ဒသမ ၀ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၇၉ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၈၀ မှ ၈၅ မိုင်နှုန်းခန့် ဖြစ်သည်။

နောက် ၂၄ နာရီအတွင်းခန့်မှန်းချက်

အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်"သည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အောက်တိုဘာ ၂၈ ရက် နေ့လယ်ပိုင်းတွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်နှင့် ရနမ်ကမ်းခြေတို့ကို ဘပတ်လမြို့နှင့် ဗီဆာကာပတ္တနမ်မြို့တို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

သတိပေးန္တီးဆော်ချက်

အားအလွန်ကောင်းသောဆိုင်ကလုန်း မုန်တိုင်း "အာနာဘ်"၏ အရှိန်ကြောင့် ယနေ့မွန်းလွဲမှ အောက်တိုဘာ ၂၉ ရက် အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "အာနာဘ်" ၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလွှမ်းမှုများကို ကြိုတင်သတိပြု နိုင်ရန်နှင့် ပြည်တွင်းလေကြောင်းယုံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဓလ

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲများ အောင်မြင်စွာကျင်းပပြီးစီး

နေပြည်တော် အောက်တိုဘာ ၂၇

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်) ပြိုင်ပွဲ သတ္တမနေ့ကို ယနေ့နံနက် ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီး၌ စည်ကားသိုက်ဖြိုက် စွာ ဆက်လက်ကျင်းပသည်။

သီဆိုယှဉ်ပြိုင်

ယနေ့တွင် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်း အဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) ရှိ မြခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လူချွန်လူကောင်း"(ကိုအုံကြီး)သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "မြန်မာ့မူမှန်" (ကိုတင်အောင်သန်း) သီချင်းဖြင့်လည်းကောင်း အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ တိုင်းပြည်ချစ်စိတ်ကိုပေါ်လွင်အောင် ပိုင်နိုင်လှပသော အသံနေအသံထား၊ အသံအနိမ့်အမြင့် စည်းဝါးမှန်ကန်မှု၊ ဟန်ပန်မူရာအပြည့်ဖြင့် တက်ကြွစွာ သီဆိုယှဉ်ပြိုင်ကြသည်။





ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။

အကပြိုင်ပွဲကို နေပြည်တော်တည်းခိုရေးစခန်း ဆင်ဖြူရှုခခန်းမ၌ ကျင်းပရာ တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ အလွတ်တန်း ပြိုင်ပွဲတွင် ကချင်ပြည်နယ် ကိုယ်စားပြု ဖိုင်ဝါးတိုင်းရင်းသားအကအဖွဲ့၊ ကယားပြည်နယ် ကိုယ်စားပြု ကယားရိုးရာအကအဖွဲ့၊ ကရင်ပြည်နယ်ကိုယ်စားပြု ကရင်ဒုံးအကအဖွဲ့၊ ချင်းပြည်နယ် ကိုယ်စားပြု ချင်းတိုင်းရင်းသားအကအဖွဲ့၊ မွန်ပြည်နယ်ကိုယ်စားပြု ရွှေဟသံာယိမ်းအကအဖွဲ့၊ ရခိုင်ပြည်နယ်ကိုယ်စားပြု လှပေါင်းစုံညီရခိုင်မြေယိမ်းအကအဖွဲ့၊ ရှမ်းပြည်နယ်ကိုယ်စားပြု တောင်ရိုးတိုင်းရင်းသားအကအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု မိုးဇောဗျောအကအဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီးကိုယ်စားပြု ထားဝယ်ရိုးရာရေခဲ့းရွှက်အကအဖွဲ့၊ ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု ရှမ်းရိုးရာအကအဖွဲ့၊ မကွေးတိုင်းဒေသကြီးကိုယ်စားပြု ပျိုတို့ရဂုံမွေ ကျေးလက်မြေ ယိမ်းအကအဖွဲ့၊ မန္တလေး တိုင်းဒေသကြီး ကိုယ်စားပြု မြန်မာ့အလှ ကျေးလက်ဘဝ ယိမ်းအကအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု ကျေးရွာဓလေ့ ပျော်မွေ့ဖွယ်ရာ ကျေးလက် ယိမ်းအကအဖွဲ့နှင့် ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု ဖွံ့ဖြိုးဝေဆည်ဧရာဝတီသည်။

ကွက်စိပ်ပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနရှိလေ့ကျင့်ရေးဇာတ်ရုံ၌ စွမ်းရည်ပြသဟောပြောယှဉ်ပြိုင်ကြသည်။

ဇာတ်တော်၏ အနှစ်သာရနှင့် ဦးတည်ချက်ပေါ်လွင်အောင် ဆို၊ ဝိုး၊ ပြောပညာရပ်များဖြင့် ပေါင်းစပ်၍ စွမ်းရည်ပြသဟောပြောယှဉ်ပြိုင်ကြသည်။

ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သမ္မောဒမာနဇာတ်"ဖြင့် "အောင်မြေသာစံ" (ပတ်ပျိုး) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "စိန်ငွေလွှဲ" (ပတ်ပျိုး) သီချင်းဖြင့် လည်းကောင်း ကျမ်းကျင်ပိုင်နိုင်စွာ ယှဉ်ပြိုင်တီးခတ်ကြသည်။

စောင်းအတီးပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၁)ရှိ နီလာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "စုံသာဖြိုင်လယ်" (သီချင်းခံ) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှေနန်းအောင်ချာ"(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက

စာမျက်နှာ ၆ သို့ ○



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦး ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသား ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း "အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး" တေးသီချင်းအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ မောင်ကျော်ဇင်သန့်. သီဆိုယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

❍ စာမျက်နှာ ၅ မှ

"ညဉ့်သုံးယံခါ"(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း မြန်မာ့ရိုးရာစောင်းတူရိယာ၏ သိမ်မွေ့နက်နဲသောအသံများကို စည်းနှင့်ဝါးမှုန်ကန်စွာဖြင့် သာယာငြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ပတ္တလား အတီးပြိုင်ပွဲကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အောင်မင်္ဂလာ" (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အောင်မင်္ဂလာ" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ဂီတာ အတီးပြိုင်ပွဲကို နေပြည်တော်တည်းခိုရေးစခန်း ပုဗ္ဗသီရိတပ်နယ်ခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သည်ဆောင်းဟေမာန်" (ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သည်ဆောင်းဟေမာန်" (ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ပုံပမာ" (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဂန္ဓမာတောင်" (ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ခါန္ဓေဆန်းလန်းစီစီ" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြန်ချာမြေကို" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြပြီး ယနေ့တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ ဘာသာရပ်အလိုက် ပြိုင်ပွဲများအားလုံး ပြီးဆုံးပြီဖြစ်သည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများနှင့် ဧနီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် အဆင့်တူ ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ လူမှုရေး



ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင် ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသား ပတ္တလားအတီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မောင်သျှားထက်ဇော်(ခ)မင်းခေတ် ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသား ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။

ဒုံမင်း အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား ပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကောင်းခြင်းမင်္ဂလာ" (ကာလပေါ်) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဓနုမိုးတောင်" (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြန်ချာမြေကို" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။



ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မြို့တော်အေးမင်း (ခ) ဦးအေးတင် ယှဉ်ပြိုင်စဉ်။



ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီး စောင်းအတီးပြိုင်ပွဲတွင် မွန်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။



ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား ကွင်စိပ်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဦးဇော်မျိုးဝင်း ယှဉ်ပြိုင်စဉ်။



ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသား ပတ္တလားအတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဦးအောင်ကြည်ခိုင် ယှဉ်ပြိုင်စဉ်။



"အမျိုးဂုဏ်၊ ဇာတိဂုဏ်မြွှင့်တင်ရေး" တေးသီချင်းအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသားပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ မောင်ဇွဲညီထွန်း(ခ)သန်းဇော်ငြိမ်း ယှဉ်ပြိုင်စဉ်။



ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ ဦးကျော်မင်းခန့်, ယှဉ်ပြိုင်စဉ်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်ရှိ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံသို့ ကြည့်ရှုစစ်ဆေး

ညောင်ဦး အောက်တိုဘာ ၂၇

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့ နံနက်ပိုင်းက ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်ရှိ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကြည့်ရှုစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်အား ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ခွဲစိတ်နှစ်ထပ်ဆောင် ဆောက်လုပ်ရန် လျာထားမြေနေရာ၊ Heat Stroke Unit ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိရှုများ၊ ရေသန့်စင်စက်တပ်ဆင်ထားမှု၊ ဂါလန် ၂၀၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက် နေမှုနှင့် ပြီးစီးသွားပါက သောက်သုံးရေပိုမိုဖြန့်ဝေပေးသွားနိုင်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများအား ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နောက် ဆေးဝါးကုသမှုခံယူနေကြသူများအား နှုတ်ဆက်အားပေးစကားများ ပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း၊ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ဆေးရုံအထောက်အကူပြုရန်ပံ့ငွေနှင့် ဓာတ်ဆားထုပ်များကို လက်ခံခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)



၀-၀-၀-၀-၀

အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ



မြို့သစ် အောက်တိုဘာ ၂၇

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်အတွက် အယ်လ်နီညိုရာသီဥတုကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့နှင့် ဌာနဆိုင်ရာပူးပေါင်း အဖွဲ့များက မြို့နယ်စည်ပင်သာယာရေးအတွင်းနှင့် စာတိုက်လမ်းဆုံတို့၌ ဖြန့်ဝေခဲ့သည်။

ထိုပွဲ အယ်လ်နီညိုကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ပူးပေါင်း၍ မြို့နယ်စည်ပင်သာယာရေးအတွင်းရှိ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ၊ စာတိုက်လမ်းဆုံရှိ ခရီးသွားပြည်သူများအား အခမဲ့ဖြန့်ဝေပေးခဲ့သည်။

(ဝဲပုံ)

အဆိုပါ အယ်လ်နီညိုရာသီဥတုကြိုတင်ကာကွယ်ရေးလက်ကမ်းစာစောင်များတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ပတ်သက်သည့် ဆောင်ရွက်ရမည့်အချက်များ၊ သဘာဝဘေးအန္တရာယ်အမျိုးအစားများ၊ မီးသတ်မူရေးအကြောင်းအရာများ၊ ကျန်းမာရေးဆိုင်ရာသတိပြုလိုက်နာရမည့် အချက်များ ပါဝင်သည့် လက်ကမ်းစာစောင်များကို ဌာနဆိုင်ရာ ဝန်ထမ်းများက အသိပညာပေးဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဝင်းအိန္ဒနံ(ပြန်/ဆက်)

အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူဒဏ်ကာကွယ်ရေးနှင့် သောက်သုံးရေ ပြတ်လပ်မှုမဖြစ်ပေါ်စေရေး အသိပညာပေးဆွေးနွေးဟောပြော



ဧမ္မူသီရိ အောက်တိုဘာ ၂၇

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ဧမ္မူသီရိမြို့နယ်အတွင်းရှိ ကျေးရွာများ၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေအရင်းအမြစ် လျော့နည်းမှုနှင့် သောက်သုံးရေ သန့်ရှင်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က ဧမ္မူသီရိမြို့နယ်အလှူငှါလိုက်ကွေးရွာအုပ်စုနှင့် တဲကြီးကုန်းကွေးရွာအုပ်စုတို့တွင် ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ဧမ္မူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေဇင်လှိုင်းက အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကျရောက်လာနိုင်သည့် အခြေအနေများ၊ အကျိုးသက်ရောက်နိုင်မှုများ၊ ကြိုတင်ပြင်ဆင်ရမည့်အချက်များနှင့် ဖြစ်ပေါ်လာပါက တုံ့ပြန်ရမည့်အချက်များကို အသိပညာပေး ရှင်းလင်းဆွေးနွေးဟောပြောသည်။ **(အပေါ်ပုံ)**

ထို့နောက် တက်ရောက်လာသည့် ရပ်မိ၊ ရပ်ဖများနှင့် ကျေးရွာသူ၊ ကျေးရွာသားများက မိမိတို့ကျေးရွာများ၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့်အခြေအနေများနှင့်စပ်လျဉ်း၍ ကြိုတင်ကာကွယ်နိုင်ရန်အတွက် သိရှိလိုသည်များကို မေးမြန်းရာ မြို့နယ်ဦးစီးမှူးက ရေရှည်ပါးမှုဖြစ်ပေါ်လာနိုင်သည့်အတွက် သောက်သုံးရေကို ကြိုတင်စုဆောင်းထားရှိခြင်း၊ ရေသိုလှောင်ကန်များကို သန့်ရှင်းစွာ ထိန်းသိမ်းခြင်းနှင့် ရေကို လိုအပ်သလောက်သာ သုံးစွဲခြင်းတို့ကို ဆောင်ရွက်ရန် ဖြည့်စွက်ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။ **(၄၄၅)**

ပြေးခုန်ပစ်အားကစားမှ ထူးချွန်သော သင်တန်းသား၊ သင်တန်းသူများအား ဆုချီးမြှင့်

မန္တလေး အောက်တိုဘာ ၂၇

အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်အရ ပြေးခုန်ပစ်အားကစားနည်းမှ ထူးချွန်သော သင်တန်းသား၊ သင်တန်းသူများအား A.B.C အဆင့် သတ်မှတ်၍ လစဉ်ထောက်ပံကြေး ချီးမြှင့်ခြင်းကို အောက်တိုဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီက အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) စားရိပ်သာခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ဦးမြင့်နိုင်က အဖွင့်အမှာစကားပြောကြားပြီး ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပြေးခုန်ပစ်ပြိုင်ပွဲနှင့် ကြံ့ခိုင်စွမ်းရည်စစ်ဆေးခြင်းတွင် ဆုရရှိခဲ့သည့် သင်တန်းသား၊ သင်တန်းသူများနှင့် သင်တန်းမှူး၊ ဒုတိယသင်တန်းမှူးများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့သည်။



အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)မှ သင်တန်းသား၊ သင်တန်းသူများသည် နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် သက်တမ်းအလိုက် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး နိုင်ငံအတွက် ဆုတံဆိပ်များ ရယူပေးနိုင်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၅)

ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

မန္တလေး အောက်တိုဘာ ၂၇

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့နံနက်ပိုင်းက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲကျင်းပသည်။

ရှေးဦးစွာ ကထိကဆရာတော် ဘဒ္ဒန္တကဝိဓက ရေစက်ချအနုမောဒနာတရားဟောကြားချီးမြှင့်ပြီး မန္တလေးမြို့နေ အလှူရှင် ဦးတင်အေး(အေးချမ်းသာ)မိသားစုက ဒေါ်ခင်မတင်တင်အား ရည်စူး၍ ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ်သိန်း၈၀ ဖြည့်စွက်လှူဒါန်း ငွေကျပ်သိန်း၂၀၊ စုစုပေါင်းငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းရာ ဥပဇ္ဈာယ်အဖွဲ့ အဖွဲ့ဝင် ဦးမြင့်မိန်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် အလှူရှင်မိသားစုက (၁၆)နှစ်မြောက်အဖြစ် ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသားသံဃာတော်များအား နေ့ဆွမ်းဆက်ကပ်၍ နဝကမ္မဝတ္ထုငွေများ တစ်ပါးချင်းစီလှူဒါန်းခဲ့ကြောင်း သိရသည်။ PNT

သန့်ရှင်းစိမ်းလန်းသော အနာဂတ်ဖြစ်စေဖို့ စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်သုံးစွဲစို့။

ထိုင်းနိုင်ငံ၌ အိမ်ထောင်စုတစ်သန်းအတွက် ဆိုလာလျှပ်စစ်တပ်ဆင်ရေး ပံ့ပိုးမည့်အစီအစဉ် ဆောင်ရွက်

ဗန်ကောက် အောက်တိုဘာ ၂၇

ထိုင်းနိုင်ငံသည် အိမ်ထောင်စု တစ်သန်းအတွက် ဆိုလာလျှပ်စစ်တပ်ဆင်ပေးရန် ဘတ် ၅၀ ဘီလီယံ ပံ့ပိုးပေးမည့် အစီအစဉ်တစ်ရပ်အား အောက်တိုဘာ ၂၇ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါအစီအစဉ်အရ အိမ်ထောင်စုများအနေဖြင့် သုံးစွဲမည့် လျှပ်စစ်ဓာတ်အားကို ကိုယ်တိုင်ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ပို့လျှံသည့် လျှပ်စစ်ဓာတ်အားများအား အမျိုးသားလျှပ်စစ်ဓာတ်အားလိုင်းသို့ ရောင်းချနိုင်မည်ဖြစ်သည်။

ဝန်ကြီးအဖွဲ့က အောက်တိုဘာ ၂၇ ရက်တွင် အတည်ပြုခဲ့သည့် ပြည်သူ့ဆိုလာ အစီအစဉ်အရ အစိုးရအနေဖြင့် အိမ်ထောင်စု တစ်ခုချင်းစီအား ဘတ် ၅၀၀၀၀ ထောက်ပံ့ပေးမည်ဖြစ်သည်။ အဆိုပါ အစီအစဉ်အား ဆောင်ရွက်ခြင်းဖြင့် အိမ်ထောင်စုများအတွက် တစ်နှစ်လျှင် မီတာခ ဘတ် ၂၄ ဒသမ ၅ ဘီလီယံကျော် လျှော့ချပေးမည်ဖြစ်သည်။

အဆိုပါအစီအစဉ်သည် စွမ်းအင်ဆိုင်ရာ အစီအမံ တစ်ခုဖြစ်သကဲ့သို့ ဝင်ငွေတိုးပွားစေခြင်း၊ ကုန်ကျစရိတ်လျှော့ချပေးခြင်း၊ စုဆောင်းငွေများ စုဆောင်းနိုင်စေခြင်းနှင့် လူနေမှုဘဝ အရည်အသွေးကို လက်တွေ့ကျကျ မြှင့်တင်ပေးခြင်းတို့မှတစ်ဆင့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှုများကိုပါ ဖြစ်ပေါ်စေမည့် အစီအမံတစ်ခုဖြစ်ကြောင်း ဝန်ကြီးချုပ် အနုတင်ချာဗီရာကူးက ယခုအစီအစဉ် စတင် ဆောင်ရွက်သည့် အခမ်းအနားတွင် ပြောကြားသည်။



ဆင်ဟွာ

စင်ကာပူနှင့် ဂျာမနီနှစ်နိုင်ငံအကြား ဥာဏ်ရည်တုနည်းပညာ မီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွင် ပိုမိုအရေးပါလာစေမည်



စင်ကာပူ အောက်တိုဘာ ၂၇

စင်ကာပူနှင့် ဂျာမနီနိုင်ငံတို့သည် လုံခြုံရေး၊ ကုန်သွယ်ရေးနှင့်စွမ်းအင်တို့ပါဝင်သော မဟာမိတ်ဆက်ဆံရေးတို့ကို ယင်းတို့၏ ရွက်မှုတွင် ပိုမိုအရေးပါသော လုပ်ငန်းစဉ်၏ အစိတ်အပိုင်းအဖြစ် စက်မှုလုပ်ငန်းဆိုင်ရာ ဥာဏ်ရည်တုနည်းပညာ(အေအိုင်)ကို ယင်းတို့၏ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွင် ပိုမိုအရေးပါသော အစိတ်အပိုင်းတစ်ခု ဖြစ်လာစေမည်ဟု အောက်တိုဘာ ၂၇ ရက်၌ နှစ်နိုင်ငံခေါင်းဆောင်များက ပြောကြားကြောင်း စီအင်နဲအေသတင်းဌာနက ဖော်ပြသည်။

ဂျာမနီဝန်ကြီးချုပ် ဖရီးဒရစ်မာစ်နှင့်အတူ လွှတ်တော်အဆောက်အအုံ၌ ပြုလုပ်သည့် ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် စင်ကာပူဝန်ကြီးချုပ် လောရန့်စ်ဝေါင်းက စင်ကာပူနှင့် ဂျာမနီနိုင်ငံတို့သည် စီးပွားရေးကဏ္ဍများကို ပြောင်းလဲတိုးတက်စေရန် ဒီဂျစ်တယ်နည်းပညာများနှင့် ဥာဏ်ရည်တုနည်းပညာ၏ ကြီးမားသောစွမ်းဆောင်ရည်ကို အသိအမှတ်ပြုကြသည်ဟု ပြောကြားသည်။

ဥာဏ်ရည်တုနည်းပညာသည် စီးပွားရေးလုပ်ငန်းများနှင့် လုပ်သားများအတွက် အခွင့်အလမ်းသစ်များကို ဖန်တီးပေးနိုင်သည်ဟုလည်း ၄င်းကဆက်လက်ပြောကြားပြီး ၂၀၂၅ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် ဥရောပသမဂ္ဂ-စင်ကာပူ ဒီဂျစ်တယ်ကုန်သွယ်ရေးသဘောတူညီချက်သည် နယ်စပ်ဖြတ်ကျော် ဒီဂျစ်တယ် စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများအတွက် အခြေခံအုတ်မြစ်တစ်ခု ဖြစ်စေနိုင်ကြောင်း သိရသည်။

Mon

STOP AIDS

ယခုနှစ်ကုန်ပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းသို့ ပြည်ပခရီးသွား ၇ ဒသမ ၂ သန်းအထိ ဝင်ရောက်ပွယ်ရှိ

ဂျကာတာ အောက်တိုဘာ ၂၇

အရှေ့တောင်အာရှတွင် လူကြိုက်အများဆုံး ခရီးသွားနေရာများထဲမှ တစ်ခုဖြစ်သော အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းသို့ ယခုနှစ်ကုန်တွင် နိုင်ငံတကာ ခရီးသွား ဝင်ရောက်မှုသည် ၇ ဒသမ ၂ သန်းအထိရှိလာမည်ဟု ခန့်မှန်းထားရာ ယခင်နှစ်ထက် ၂ ရာခိုင်နှုန်းမြင့်တက်လာပြီး ဆယ်စုနှစ်တစ်ခုအတွင်း အမြင့်ဆုံးပမာဏဖြစ်ကြောင်း စီအင်နဲအေသတင်းဌာနက ဖော်ပြသည်။

ဘာလီကျွန်းသို့ နိုင်ငံတကာ ခရီးသွား ဝင်ရောက်မှုသည် ၂၀၂၅ ခုနှစ်တွင် ၇ ဒသမ ၀၄ သန်း ရှိခဲ့ရာမှ ၂၀၂၆ ခုနှစ်တွင် ၇ ဒသမ ၁ သန်းမှ ၇ ဒသမ ၂ သန်းအထိ ရောက်ရှိလာမည်ဟု ဘာလီအုပ်ချုပ်ရေးမှူး ဝါယန်ကော့စတာ က ခန့်မှန်းထားကြောင်း ဘာလီဒစ်စကာဗရီ သတင်းတွင် ဖော်ပြထားသည်။

နိုင်ငံတကာ ခရီးသွား ဝင်ရောက်မှု အားကောင်းလာသည့် ယခုကဲ့သို့ တိုးတက်မှု အလားအလာသည် ၂၀၂၆ ခုနှစ် စက်တင်ဘာလကုန်အထိ စာရင်းဇယားများအရ ၅ ဒသမ ၂ သန်းအထိရောက်ရှိခဲ့သည့် ကိန်းဂဏန်းများက အထောက်အကူပြုနေခြင်းဖြစ်သည်ဟု ကော့စတာ က ပြောကြားကြောင်း သိရသည်။

Mon

အိန္ဒိယ အရှေ့ဘက်ကမ်းရိုးတန်းတစ်လျှောက်ရှိ ပြည်နယ်နှစ်ခုခွဲ မုန်တိုင်းမတိုင်မီ လူပေါင်းထောင်နှင့်ချီ ရွှေ့ပြောင်းပေးရန်ပြင်ဆင်

နယူးဒေလီ အောက်တိုဘာ ၂၇

အိန္ဒိယနိုင်ငံ၏ အရှေ့ဘက်ကမ်းရိုးတန်းတစ်လျှောက်ရှိ ပြည်နယ်နှစ်ခုသည် အောက်တိုဘာ ၂၈ ရက်တွင် ကုန်းတွင်းသို့ ဝင်ရောက်မည်ဟုမျှော်လင့်ရသည့် ''အာနက်မဲ'' မုန်တိုင်းမတိုင်မီ လူပေါင်းထောင်နှင့်ချီ၍ ရွှေ့ပြောင်းပေးရန် ပြင်ဆင်လျက်ရှိပြီး ယင်းပြည်နယ်များအနက် တစ်ခုက အချို့ခရိုင်များရှိ ကျောင်းများကို နှစ်ရက်ကြာ ပိတ်ထားမည်ဖြစ်ကြောင်း စီအင်နဲအေသတင်းဌာနက ဖော်ပြသည်။

ဘင်္ဂလားပင်လယ်အော်တွင် စတင်ဖြစ်ပေါ်ခဲ့ပြီး ဆိုင်ကလုန်းမုန်တိုင်းအဖြစ် အားကောင်းလာခဲ့သည့် မုန်တိုင်း ''အာနက်မဲ'' သည် အောက်တိုဘာ ၂၈ ရက်နံနက်ပိုင်းတွင် အနှရပဒေသ်ပြည်နယ်သို့ တစ်နာရီလျှင် ကီလိုမီတာ ၁၄၀ အထိရှိသော လေပြင်းတိုက်ခတ်မှုများနှင့်အတူ ကုန်းတွင်းသို့ ဝင်ရောက်လာဖွယ်ရှိသည်ဟု ဆိုသည်။

အဆိုပါ မိုးလေဝသစနစ်သည် အနှရပဒေသ်ပြည်နယ်၏ မြောက်ပိုင်းနှင့် အလယ်ပိုင်း ကမ်းရိုးတန်းခရိုင်များနှင့် အိမ်နီးချင်း ဩရိသပြည်နယ်၏ တောင်ပိုင်းဒေသများသို့ မိုးသည်းထန်စွာမှ အလွန်သည်းထန်စွာ ရွာသွန်းမှုများ ဆောင်ကြဉ်းလာမည်ဟု မျှော်လင့်ရကြောင်း သိရသည်။

Mon

o-o-o-o-o



INTERNATIONAL NEWS
နိုင်ငံတကာသတင်းများ

အေပက် ထိပ်သီးခေါင်းဆောင်များအစည်းအဝေး မတိုင်မီ အာရှဒေသတွင်း ဆက်ဆံရေးဆိုင်ရာမာတ်ပုံပြွဲ ဖွင့်လှစ်

ပေကျင်း အောက်တိုဘာ ၂၇

လာမည့်လတွင် တရုတ်နိုင်ငံ ရှန်ချန်းမြို့၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၃) ကြိမ်မြောက် အေပက် ထိပ်သီးခေါင်းဆောင်များအစည်းအဝေး မတိုင်မီ အာရှဒေသတွင်း ယဉ်ကျေးမှုနှင့် ပြည်သူ့အချင်းချင်း ကူးလူးဆက်ဆံရေးဆိုင်ရာ ဓာတ်ပုံပြပွဲတစ်ခုကို တရုတ်တောင်ပိုင်း ရှန်ချန်းမြို့တွင် ဖွင့်လှစ်ခဲ့ကြောင်း စီအင်နဲအေသတင်းဌာနက ဖော်ပြသည်။

ချိုင်းနားဒေလီနှင့် အာရှသတင်းကွန်ရက်တို့ ပူးပေါင်းစီစဉ်သည့် ''အာရှ-ပစိဖိတ်ဒေသတစ်လွှား ချိတ်ဆက်မှုအခိုက်အတန့်များ - ပြုံးရွှင်မှုများနှင့် လက်ဆွဲနှုတ်ဆက်မှုများ'' ဟူသောဆောင်ပုဒ်ဖြင့် ကျင်းပသည့် ပြောင်းလဲနေသောအာရှ ဓာတ်ပုံပြပွဲကို ဟောင်ကောင်တရုတ်တက္ကသိုလ်၏ ရှန်ချန်းသုတေသနအဖွဲ့အစည်း၌ ပြသသွားမည်ဖြစ်သည်။

ချိုင်းနားဒေလီ သတင်းစာဒုတိယအယ်ဒီတာချုပ် လျူဝေလင်၏ ခွန်းဆက်စကားတွင် အဆိုပါပြပွဲသည် အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့၏ ''တရုတ်နှစ်'' အတွင်း အရေးပါသော ယဉ်ကျေးမှုဖလှယ်ရေးပွဲတစ်ခုဖြစ်ပြီး ယခုနှစ်၏ ''အတူတကွ ဖွံ့ဖြိုးတိုးတက်စေရန် အာရှ-ပစိဖိတ်အသိုက်အဝန်းတည် ဆောက်ရေး'' ဟူသော ဆောင်ပုဒ်နှင့် ကိုက်ညီမှုရှိသည်ဟု ပြောကြားကြောင်း သိရသည်။

Mon



ကျောက်ဆည်မြို့နယ်၊ ပြည်ပန်းကျေးရွာအုပ်စုတွင် လျှပ်စစ်ဒယ်နီအိုးတည်ထားရာမှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွား

ကျောက်ဆည် အောက်တိုဘာ ၂၇

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ ပြည်ပန်းကျေးရွာအုပ်စုတွင် ယနေ့နံနက် ၁၁ နာရီ ၃၈ မိနစ်အချိန်ခန့်က လျှပ်စစ်ဒယ်နီအိုးတည်ထားရာမှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ပြည်ပန်းကျေးရွာအုပ်စု ဦးဝင်းနိုင် ပိုင်ဆိုင်သည့် (ပေ၂၀×၁၄ပေ) ထန်းလက်မိုး၊ ထရံကာ၊ မြေဓိုက် လူနေအိမ်၌ လျှပ်စစ်ဒယ်နီအိုးတည်ထားရာမှ အပူလွန်ကဲ၍ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် ဦးဝင်းနိုင် ပိုင်ဆိုင်သည့် (ပေ၂၀×၁၄ပေ) ထန်းလက်မိုး၊ ထရံကာ၊ မြေဓိုက် လူနေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှု၊ သေဆုံးမှုမရှိကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

မီးလောင်ရာသို့ ကျောက်ဆည်မြို့နယ် မီးသတ်စခန်းမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန့်ဇင်ဦး ဦးဆောင်သည့် မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ သန္ဓေတပ်ဖွဲ့ဝင် ၁၂ ဦးတို့က သွားရောက်ခဲ့ပြီး ပြည်သူများနှင့်အတူ မီးလောင်မှုအား ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး ၁၁ နာရီ ၄၆ မိနစ်တွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၄၈၅)



သစ်ပင်များလဲကျ၍ လမ်းပိတ်ဆို့မှုဖြစ်ပွား၊ အချိန်မီရှင်းလင်း

မန္တလေး အောက်တိုဘာ ၂၇

မန္တလေး၊ မဟာအောင်မြေမြို့နယ်အတွင်း အောက်တိုဘာ ၂၆ ရက် ညနေ ၅နာရီက မိုးရွာသွန်းမှုများပြားသောကြောင့် ရတနာဘုမ္မိအနောက်ရပ်ကွက်၊ ၈၅လမ်း၊ ၃၆လမ်းနှင့် ၃၇လမ်းကြား၊ မြင်းကလေးရပ်တွင် လုံးပတ်လေးပေခန့်၊ အရှည်ပေ ၃၀ ခန့်ရှိ စိန်ပန်းပင်သည် အမြစ်လန့်၍ လမ်းမပေါ်သို့ လဲကျပြီး လမ်းပိတ်ဆို့ခဲ့ကြောင်း သိရသည်။

အဆိုပါ လမ်းပိတ်ဆို့နေမှုကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးညွှန့်ဝင်းအောင် ဦးဆောင်၍ မြို့နယ်မီးသတ်စခန်းမှ ရာဖွေကယ်ဆယ်ရေးယာဉ် တစ်စီး၊ ရတနာဘုမ္မိအနောက်အရန်မီးသတ်စခန်းမှ ရာဖွေကယ်ဆယ်ရေးယာဉ်တစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ အရန် မီးသတ်တပ်ဖွဲ့ဝင် ၂၀ ဦး၊ စုစုပေါင်း ၃၀ ဦးဖြင့် ပူးပေါင်းရှင်းလင်းခဲ့ရာ ညနေ ၆ နာရီတွင် ရှင်းလင်းပြီးစီးခဲ့ကြောင်း သိရသည်။

အလားတူ အောက်တိုဘာ ၂၆ ရက် ည ၇နာရီခွဲက မဟာအောင်မြေမြို့နယ် ဒေဝန်းအရှေ့ရပ်ကွက် ၃၇လမ်း ၈၇လမ်းထောင့်တွင်လည်း မိုးရွာသွန်းမှုကြောင့် လုံးပတ် လေးပေ အမြင့် ပေ ၄၀ရှိ ဂျပန်ပိတောက်ပင် လဲကျနေမှုကို မဟာအောင်မြေမြို့နယ်မှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးညွှန့်ဝင်းအောင်၏ ဦးဆောင်မှုဖြင့် သန္ဓေ ၁၀ ဦး၊ အရန် ၃၀ဦး၊ ရာဖွေကယ်ဆယ်ရေးယာဉ် တစ်စီး၊ ရတနာအနောက်အရန်မီးသတ်စခန်းမှ ရာဖွေကယ်ဆယ်ရေးယာဉ် တစ်စီး၊ ကျောက်ဝိုင်းအရန်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ မန်းမြို့ဈေးအရန်မီးသတ်တပ်ဖွဲ့မှ မီးငြိမ်းသတ်ယာဉ် တစ်စီးတို့ဖြင့် ရှင်းလင်းဆောင်ရွက်ပေးခဲ့ပြီး ၄င်းဖြစ်စဉ်များနှင့်ပတ်သက်၍ လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

(အပေါ်ပုံ)(၀၅၆)

အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

ရပ်တန့်ထားသည့် မော်တော်ယာဉ်အား ဝင်ရောက်တိုက်မိ၍ အမျိုးသားတစ်ဦး သေဆုံး

တောင်ငူ အောက်တိုဘာ ၂၇

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်တွင် အောက်တိုဘာ ၂၄ ရက်က ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်၌ ရပ်တန့်ထားသည့် မော်တော်ယာဉ်အား ဝင်ရောက်တိုက်မိ၍ အမျိုးသား တစ်ဦး သေဆုံးပြီး အမျိုးသား နှစ်ဦး၊ အမျိုးသမီး ခြောက်ဦးနှင့် ကလေးငယ် လေးဦးတို့ ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၄ ရက် နံနက် ၄ နာရီ မိနစ် ၅၀ တွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ နေပြည်တော် - မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၁၅၂ မိုင် ၇ ဖာလုံနှင့် ၁၅၃ မိုင်ကြားရှိ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဇီးပင်သာအမြန်လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ နေပြည်တော်မှ ရန်ကုန်မြို့ဘက်သို့ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ငါးရောက်ကျေးရွာနေ ဦးမျိုးသူဝိုး(၃၀)နှစ်ဆိုသူ မောင်းနှင်ပြီး အမျိုးသား သုံးဦး၊ အမျိုးသမီး ရှစ်ဦးနှင့် ကလေးငယ်လေးဦးတို့ လိုက်ပါလာသည့် CANTER မော်တော်ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ မိုးရွာ၍ လမ်းချော်သဖြင့် လမ်းဘေးမြေသားလမ်းပေါ်၌ ရပ်တန့်ထားစဉ် လားရာတူနောက်မှ နွားထိုးကြီးမြို့နယ်၊ ရွှေပြည့်ရင်ကျေးရွာနေ ဦးအောင်မျိုးဆန်း(၃၂)နှစ်ဆိုသူ မောင်းနှင်လာသည့် FUSO မော်တော်ယာဉ်မှ ယာဉ်မောင်းအိပ်ငိုက်၍ အရှိန်မထိန်းနိုင်ဘဲ နောက်မှ ဝင်ရောက်တိုက်မိခဲ့သဖြင့် CANTER မော်တော်ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ညောင်ဦးမြို့နယ်၊ တောပြားကျေးရွာနေ ဦးဝင်းကြိုင်(၅၅)နှစ်သည် ထိခိုက်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး ဦးအောင်မျိုးဆန်းပါ အမျိုးသား နှစ်ဦး၊ အမျိုးသမီး ခြောက်ဦးနှင့် ကလေးငယ် လေးဦးတို့တွင် ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့သောကြောင့် ယာဉ်အား မဆင်မခြင် ပေါ့လျော့စွာမောင်းနှင်သူ အောင်မျိုးဆန်းဆိုသူအား ဇီးပင်သာ အမြန်လမ်းမကြီးရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)





အိမ်သုံးပစ္စည်းအရောင်းဆိုင် မီးလောင်မှုဖြစ်ပွား

လက်ပံတန်း အောက်တိုဘာ ၂၇

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ မြို့မရပ်ကွက်၌ အောက်တိုဘာ ၂၅ ရက် နံနက် ၃ နာရီ မိနစ် ၂၀ ခန့်က ပိုင်ရှင် ဦးအောင်မြင့်(၄၉)နှစ်ဆိုသူ၏ ပေ ၄၀ × ပေ ၂၀၊ RC နှစ်ထပ် အိမ်သုံးပစ္စည်းအရောင်းဆိုင်အတွင်းရှိ မီးအားမြှင့်စက်အပူလွန်ကဲရာမှ အနီးရှိ ဖယောင်းပုဆိုးလိပ်များသို့ မီး ကူးစက်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် သာယာဝတီခရိုင် မီးသတ်စခန်း၊ လက်ပံတန်းမြို့နယ် မီးသတ်စခန်းနှင့် ကျွန်းကလေးနယ်မြေ မီးသတ်စခန်းတို့မှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ် ၁၁ စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၅ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် ပေ ၄၀ × ပေ ၂၀၊ RC နှစ်ထပ်အိမ်သုံးပစ္စည်းအရောင်းဆိုင် တစ်လုံး၊ ပေ ၄၀ × ၁၅ ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း၊ နှစ်ထပ်နေအိမ် နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ပိုင်ရှင် ဦးအောင်မြင့်အား လက်ပံတန်းမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

သစ်ပင်လဲကျပြီး ကျောင်းဆောင်ဝရန်တာပေါ် ပိမိနေသဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်

မောက်မယ် အောက်တိုဘာ ၂၇

ရှမ်းပြည်နယ်၊ မောက်မယ်မြို့နယ်၊ ဈေးတန်းရပ်ကွက်ရှိ အလယ်ကျောင်းတိုက်ဘုန်းတော်ကြီးကျောင်း၌ အောက်တိုဘာ ၂၅ ရက် မွန်းလွဲ ၂ နာရီ ၅၀ မိနစ်ခန့်က လုံးပတ်လေးပေ၊ အမြင့် ၃၀ ပေခန့်ရှိ သပြေပင်သည် အမြစ်ဆွေးမြေ့လဲကျပြီး ၅၂ × ၂၆ ပေ၊ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း၊ နံကပ်နှစ်ထပ် ဘုန်းတော်ကြီးကျောင်းဆောင် ဝရန်တာပေါ်သို့ ပိမိနေကြောင်း သတင်းရရှိသဖြင့် မောက်မယ်မြို့နယ် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ် တစ်စီးဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင် ပြီးစီးခဲ့ပြီး အဆိုပါ ဖြစ်စဉ်ကြောင့် ၁၀ × ၁၆ ပေ၊ ကျောင်းဆောင်အလယ်ဝရန်တာ ပျက်စီးဆုံးရှုံးခဲ့ကြောင်းနှင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

(ယာဝုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



မဆင်မခြင် မောင်းနှင်မှု အသက်ပေါင်းများစွာ အန္တရာယ်ပြု။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၇

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံး လုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ် နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၆ထပ်အဆောက်အအုံတစ်လုံးအား ယနေ့အထိ ၁၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ်အဆောက်အအုံ တစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာလည်း ယနေ့အထိ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့်ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၃ လုံးတို့အား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံ ၅၆ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထား နိမ့်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။ ၁၀၀



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှု။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၅ ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးနေမှု

မဖြိုဖျက်မီ



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၅ ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးနေမှု

ယန္တရားဖြင့် ဖြိုချဖျက်ဆီးနေမှု



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၅ ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးနေမှု

ယန္တရားဖြင့် ဖြိုချဖျက်ဆီးနေမှု



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၅ ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးနေမှု



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၆ ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးနေမှု

မဖြိုဖျက်မီ



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၆ ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးနေမှု

ယန္တရားဖြင့် ဖြိုချဖျက်ဆီးနေမှု



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ၆ ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးနေမှု

ယန္တရားဖြင့် ဖြိုချဖျက်ဆီးနေမှု



နိုင်ငံတကာ အားကစား သတင်းများ

နည်းပြ ပီယာဆော့ဂျ် ယခုရက်ပိုင်းအတွင်း ခရစ္စတယ်ပဲလေ့စ်အသင်း နည်းပြရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိ



လန်ဒန် အောက်တိုဘာ ၂၇

ခရစ္စတယ်ပဲလေ့စ်အသင်းသည် နောက်ဆုံးလေးပွဲဆက် နိုင်ပွဲ ပျောက်ဆုံးနေမှုကြောင့် နည်းပြပီယာဆော့ဂျ်ကို ယခုရက်ပိုင်းအတွင်း ရာထူးမှ ထုတ်ပယ်သွားဖွယ်ရှိနေသည်။

ခရစ္စတယ်ပဲလေ့စ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ရှစ်ပွဲကစားအပြီးတွင် ရမှတ်ခုနစ်မှတ်ဖြင့် အဆင့် ၁၇နေရာတွင် ရပ်တည်ပြီး ရလဒ်များ အလွန်ဆိုးရွားလျက်ရှိနေခြင်းကြောင့် နည်းပြ ပီယာဆော့ဂျ်ကို ရာထူးမှ ထုတ်ပယ်သွားမည်ဖြစ်သည်။

နည်းပြ ပီယာဆော့ဂျ်သည် ခရစ္စတယ်ပဲလေ့စ်အသင်းကို ၂၀၂၆ခုနှစ် ဇွန် ၁၅ရက်က စတင် ကိုင်တွယ်ပြီး ပြိုင်ပွဲ ၁၂ပွဲတွင် လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ ခြောက်ပွဲ အထိ ရှုံးနိမ့်ထားသည်။

ထို့ကြောင့် နည်းပြ ပီယာဆော့ဂျ်အနေဖြင့် ခရစ္စတယ်ပဲလေ့စ် အသင်းနည်းပြရာထူးမှ အမှန်တကယ်ထုတ်ပယ်ခံရမည်လား ဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ဝဲပုံ) (NGB)

ဘာပေ ရီးရဲလ်မက်ဒရစ်အသင်း ကစားသမားဘဝ ပြိုင်ပွဲစုံ သွင်းဂိုး ၁၀၀ ပြည့်မြောက်

မက်ဒရစ် အောက်တိုဘာ ၂၇

ရီးရဲလ်မက်ဒရစ်အသင်း တိုက်စစ်မှူးဘာပေသည် အသင်း ကစားသမားဘဝတွင် ပြိုင်ပွဲစုံ သွင်းဂိုး ၁၀၀ ပြည့်မြောက်သည့် မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် စပိန်လာလီဂါပွဲစဉ်အဖြစ် ရီးရဲလ်မက်ဒရစ်အသင်းက ဘာစီလိုနာ အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးနှစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဘာပေသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၆ပွဲကစားပြီး ဂိုး၁၀၀အထိ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ ဘာပေက 'ကျွန်တော် သွင်းဂိုး ၁၀၀ ပြည့်မြောက်လို့ ဝမ်းသာမိပါတယ်။ နောက်ထပ်လည်း သွင်းဂိုးတွေ ဆက်လက်သွင်းယူဖို့ ကြိုးစားသွားမှာပါ' ဟု ပြောသည်။ **(အပေါ်ဝဲပုံ) (NGB)**



ဘော်ဘီသောမတ်စ် ဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ် အနားယူရဖွယ်ရှိ



လန်ဒန် အောက်တိုဘာ ၂၇

ကိုဗင်ထရီအသင်း နောက်ခံကစားသမားဘော်ဘီသောမတ်စ်သည် ခြေထောက်ဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ် အနားယူရဖွယ်ရှိနေသည်။ **(ဝဲပုံ)**

အဆိုပါ နောက်ခံကစားသမားသည် ကိုဗင်ထရီအသင်းက ဖုလ်ဟမ်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား ဘော်ဘီသောမတ်စ်သည် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ကိုဗင်ထရီအသင်းအတွက်လည်း ထိုးနှက်ချက် တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ဘော်ဘီသောမတ်စ်သည် ကိုဗင်ထရီအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၆ -၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃ပွဲကစားကာ ဂိုးဂိုးသွင်းယူပြီး ခြေစွမ်းပြထားသည်။ **(NGB)**

၂၀၂၆ခုနှစ်အတွက် Ballon d'Or ဆုကို ဟယ်ရီကိန်းဆွတ်ခူး

မြူးနစ် အောက်တိုဘာ ၂၇

၂၀၂၆ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆု (Ballon d'Or)ဆုကို အင်္ဂလန် လက်ရွေးစင်အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့က်စစ်မှူးဟယ်ရီကိန်းက ထိုက်ထိုက်တန်တန်ဆွတ်ခူးခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ဆုဖလားများစွာ ရယူနိုင်ခဲ့သည့် အပြင် အင်္ဂလန်လက်ရွေးစင်အသင်းနှင့်လည်း ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့် အတူ ယခုနှစ်ဘောလုံးရာသီတွင်လည်း ပြိုင်ပွဲစုံ ၁၂ပွဲကစားပြီး ၁၀ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၃၃)နှစ်အရွယ်ရှိ ဟယ်ရီကိန်းက 'အခုလို Ballon d'Or ဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုဆုတွေအပြင် အသင်းနဲ့ရော လက်ရွေးစင်အသင်းနဲ့ပါ အောင်မြင်မှုများ ရယူနိုင်ဖို့ ဆက်လက် ကြိုးစားသွားမှာပါ' ဟု ပြောသည်။ **(အောက်ပုံ) (NGB)**



ဒူဗီကာစ် ကိုမိုအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

တူရင် အောက်တိုဘာ ၂၇

ကိုမိုအသင်းသည် အသင်း တိုက်စစ်မှူး ဒူဗီကာစ်ကို ၂၀၃၁ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ကိုမိုအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၈ပွဲကစားပြီး ၂၇ဂိုးထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ ဒူဗီကာစ်က 'ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ ဆုဖလားများစွာလည်း ရယူသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်' ဟု ပြောသည်။

(အောက်ပုံ) (NGB)



2026 BNB Ningbo Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Elena Rybakina ဆွတ်ခူး

ပေကျင်း အောက်တိုဘာ ၂၇

တရုတ်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 BNB Ningbo Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ကာဇက်စတန် တင်းနစ်မယ် Elena Rybakina က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ကာဇက်စတန် တင်းနစ်မယ် Elena Rybakina သည် 2026 BNB Ningbo Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲ အဆင့်တွင် ကနေဒါတင်းနစ်မယ် Leylah Fernandez အား ၆-၂၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။



အသက်(၂၇)နှစ်အရွယ်ရှိ Elena Rybakina က 'ကျွန်မ 2026 BNB Ningbo Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ကျွန်မ နိုင်ငံအတွက်လည်း ဂုဏ်ဆောင်နိုင်လို့ ပျော်ရွှင်မိပါတယ်။ အားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီကိုလည်း ကျေးဇူးတင်ပါတယ်' ဟု ပြောသည်။ **(ဝဲပုံ) (NGB)**

အီတလီဘိုးရိုးဇော အောလုံးပြိုင်ပွဲ (ဖွဲ့စည်း-၉) နိဂုံးကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၂၉-၁၀-၂၀၂၆ နံနက်၀၀း၀၀နာရီ	အေစီမီလန် - ဘိုလော့ဂ်နာ	အေစီမီလန် ၁-၀ ဘိုလော့ဂ်နာ ဘိုလော့ဂ်နာ ၀-၃ အေစီမီလန်
〃	ပါးမား - အူဒီးနိစ်	ပါးမား ၀-၂ အူဒီးနိစ် အူဒီးနိစ် ၀-၁ ပါးမား
〃	ဗင်နီဇီယာ - အင်တာမီလန်	ဗင်နီဇီယာ ၀-၁ အင်တာမီလန် အင်တာမီလန် ၁-၀ ဗင်နီဇီယာ ၂၀၂၄-၂၅
၂၉-၁၀-၂၀၂၆ နံနက် ၀၂း၁၅နာရီ	ဂျီနိအာ - ကျူဗင်တပ်	ဂျီနိအာ ၀-၁ ကျူဗင်တပ် ကျူဗင်တပ် ၂-၀ ဂျီနိအာ
〃	မွန်ဇာ - နာပိုလီ	မွန်ဇာ ၀-၁ နာပိုလီ နာပိုလီ ၂-၀ မွန်ဇာ ၂၀၂၄-၂၅

လိဂ်ဗလား ဧတူတ္တအာဆင့် ဘောလုံးပြိုင်ပွဲ နိဂုံးကမ္ဘာ

ရက်/အချိန်	ပွဲစဉ်
၂၉-၁၀-၂၀၂၆ နံနက်၀၂း၁၅နာရီ	မန်စီးတီး - ဘရိုက်တန်
〃	ဘုန်းမောက် - အက်စတွန်ဗီလာ
〃	ဖူလ်ဟမ် - ပဲလေ့စ်
〃	ဆန်းဒါးလန်း - ဘရန်တ်ဖို့ဒ်
〃	လီတယူး - ချဲလ်ဆီး

ပီအက်စ်ဂျီအသင်းက လိုင်ယွန်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

ပါရီ အောက်တိုဘာ ၂၇

ပြင်သစ်လီဂူးပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ပီအက်စ်ဂျီအသင်းနှင့် လိုင်ယွန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပီအက်စ်ဂျီအသင်းက လိုင်ယွန်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၇၂မိနစ်တွင် ဆန်နီ၊ ပွဲချိန် ၈၄မိနစ်တွင် မီကာဂျေါဒ်စ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

ပီအက်စ်ဂျီအသင်းသည် ပြင်သစ်လီဂူးပွဲစဉ်အဖြစ် လာမည့် အောက်တိုဘာ ၃၁ရက်တွင် လီဟာဗာအသင်းနှင့် ဆက်လက် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(NGB)**

လီနိုယိုရိုကို ခေါ်ယူရန် အေစီမီလန်အသင်း စိတ်ဝင်စား

မီလန် အောက်တိုဘာ ၂၇


အေစီမီလန်အသင်းသည် မန်ယူအသင်း နောက်ခံကစားသမား လီနိုယိုရိုကို ယူရိုသန်း ၅၀ ဖြင့် ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၀)နှစ်အရွယ်ရှိ လီနိုယိုရိုသည် မန်ယူအသင်းနှင့် အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ၇၀ကစားပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အေစီမီလန်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

လီနိုယိုရိုကို ကိုယ်တိုင်ကလည်း လက်ရှိအချိန် မန်ယူအသင်း တာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာလိုလျက်ရှိနေသည်။

ထို့ကြောင့် အေစီမီလန်အသင်းအနေဖြင့် ဆောင်းရာသီ ဈေးကွက်အတွင်းတွင် မန်ယူအသင်းထံမှ လီနိုယိုရိုကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့် ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ) (NGB)



မြို့နယ်လုံးဆိုင်ရာ သံဃပဝါရဏာပွဲ၊ သိမ်ထပ်ရဟန်းခံပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ



ပျော်ဘွယ် အောက်တိုဘာ ၂၇

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ်၌ သီတင်းကျွတ်လပြည့် (အာဘိမွာအခါတော်နေ့) အထိမ်းအမှတ်အဖြစ် မြို့နယ်လုံးဆိုင်ရာ သံဃပဝါရဏာပွဲ၊ သိမ်ထပ်ရဟန်းခံပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို အောက်တိုဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီက ရှမ်းပွဲရပ်ကွက်ရှိ ရွေပြည်သာဘုရား၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်သံဃနာယကအဖွဲ့မှ ဦးစီး၍ သံဃာတော်အပေါင်း ၂၆၀ သိမ်ထပ်ပဝါရဏာပြုပွဲအား ရွေပြည်သာသုဒ္ဓဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက် ဝေဠုဝန်သိမ်တော်၌ ကျင်းပပြီး ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ရွေပြည်သာဘုရား အနောက်ဘက်မုခ် ဘုရားစောင်းတန်းတွင် ကျင်းပသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ရွေပြည်သာဘုရားဂေါပက အဖွဲ့မှ ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ လူမှုရေး၊ ဘာသာရေး အသင်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာများမှ အလှူရှင်များပူးပေါင်း၍ သံဃာတော်အပေါင်း ၂၆၀ နှင့် သီလရှင်အပေါင်း ၅၀၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝံပုံ)

ကျော်စွာထက်(ပျော်ဘွယ်)



သိတင်းကျွတ်လပြည့်နေ့ ဆိပ်မီးထွန်းညှိပူဇော်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပ

မန္တလေး အောက်တိုဘာ ၂၇

မြန်မာလူမျိုးများ၏ မြတ်နိုးတန်ဖိုးထားရာ ၁၂ လရာသီ ပွဲတော်များအနက် သီတင်းကျွတ်ပွဲတော်ကို မြန်မာနိုင်ငံနေရာအနှံ့အပြား ဗုဒ္ဓဘာသာဝင်တို့သည် ဘုရား ကျောင်းကန် စေတီများသို့ သွားရောက်၍ ဆီမီး၊ ပန်း၊ ရေချမ်းများ ဆပ်ကပ် လှူဒါန်းကြပြီး အခြားလူဖွယ်ပစ္စည်းများ၊ စတဒါသာကျွေးမွေးဇည့်ခံခြင်းများကို စေတနာထက်သန်စွာ လှူဒါန်းမှုသည်လည်း မြန်မာတို့၏ ယဉ်ကျေးမှုကို ပေါ်လွင်စေပြီး ကမ္ဘာ့အလယ်နှစ်ပေါင်းများ ရပ်တည်ခဲ့ရာ ယနေ့တိုင် ရိုးရာမပျက် ယဉ်ကျေးမှုကို ထိန်းသိမ်းလျက်ရှိသည်။

ယခုနှစ်တွင်လည်း သီတင်းကျွတ်မီးထွန်းပွဲများကို မြို့ရွာနေရာအနှံ့ထွန်းညှိကာ စည်ကားမျော်ရွှင်စွာ ကျင်းပနေသည်ဆန်က် မန္တလေးမြို့အထင်ကရနေရာများတွင် ရောင်စုံမီးအလှများဖြင့် ထွန်းညှိပူဇော်ကာ နိုင်ငံကျော်အနုပညာရှင်များ၏ တေးသီချင်းဆည်ဆံ့ခဲ့ဖျော်ဖြေရေးနှင့်အတူ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၆ရက်ညဦးပိုင်းတွင် ကျရောက်သည့် မြန်မာနိုင်ငံအနှံ့အပြား နှစ်စဉ် ကျင်းပသော အထင်ရှားဆုံးရိုးရာ ပွဲတော်များအနက် တစ်ခုဖြစ်သည့် သီတင်းကျွတ်မီးထွန်းပွဲတော်သည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့အတွက် အလွန်ယဉ်ကျေးမှုဆိုင်ရာ ပွဲတော်တစ်ခုဖြစ်သည်နှင့်အညီ မန္တလေးမြို့ပေါ်ရှိ အထင်ကရ တန်ခိုးကြီးဘုရားစေတီများနှင့် မိမိနေအိမ်များတွင် ရိုးရာမပျက် ဆီမီးများထွန်းညှိပူဇော်ပွဲများကို နေရာအနှံ့ စတုဒိသာဇည့်ခံကျွေးမွေးခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြီး မဟာအောင်မြေမြို့နယ်ရှိ ၁၁နေရာတွင် ဘုရား၊ စေတီပုထိုးများ၌ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ဆီမီးပူဇော်ပွဲများ၊ တေးဂီတနှင့် ကျွေးမွေးရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၅၆)

o–o–o–o

o–o–o–o–o–o

မြို့နယ်လုံးဆိုင်ရာ ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲဖွင့်ပွဲ ကျင်းပ



စဉ့်ကူး အောက်တိုဘာ ၂၇

မန္တလေးတိုင်းဒေသကြီး၊ သဝိတက်ကျင်းခရိုင်၊ စဉ့်ကူးမြို့သမိုင်းဝင် ရွှေဂွေဘုရား၌ ပထမအကြိမ် စဉ့်ကူးမြို့နယ်လုံးဆိုင်ရာ ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲကို အောက်တိုဘာ ၂၆ ရက်၊ (သီတင်းကျွတ်လပြည့်နေ့) နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်၍ ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲကို ကျင်းပရာ စဉ့်ကူးမြို့အမှတ်(၂)ရပ်ကွက် ဓမ္မပါရမီအသင်းမှ ပြိုင်ပွဲဝင်များစတင် ရွတ်ဆိုပူဇော်ကြသည်။

အဆိုပါ ဝတ်ရွတ်ပြိုင်ပွဲကို သီတင်းကျွတ်လပြည့်နေ့ နံနက်ပိုင်းမှစ၍ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်အထိ ဝတ်ရွတ်အသင်း ၂၃သင်းတို့က ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ပြီး ဆုရရှိသည့် အသင်းများအား လပြည့်ကျော် ၂ရက်တွင် ဆုများ ပေးအပ်ချီးမြှင့်သွားမည် ဖြစ်သည်။

ဓမ္မစကြာဝတ်ရွတ်ပြိုင်ပွဲဖွင့်ပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စဉ့် ကူးမြို့နယ် တိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ် ဦးဆောင်တင်၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ဘုရားဂေါပက အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးများ နှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

တင်စာလွင်(ပြန်/ဆက်)

ပူတာအိုမြို့နယ် သောက်သုံးရေပြတ်လပ်မှု မရှိစေရေး အသိပညာပေး

ပူတာအို အောက်တိုဘာ ၂၇

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ် ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနမှ ဇီးသွန်ကျေးရွာ၌ အယ်လ်နီညိုရာသီဥတုကြောင့် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး အသိပညာပေးခြင်းကို အောက်တိုဘာ ၂၅ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပူတာအိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မေညွန့်က အဖွင့်အမှာစကားပြောကြားပြီး ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစော်လင်းက အယ်လ်နီညိုရာသီဥတုကြောင့် မိုးရွာသွန်းမှုများမှုမမှန်ခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားပါးခြင်းများဖြစ်ပေါ်လာနိုင်သည့် အတွက် သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ရေကို ကြိုတင်စုဆောင်းထားရှိရန်၊ ရေကို လေလွင့်မှုမရှိအောင် စနစ်တကျသုံးစွဲကြရန်နှင့် အယ်လ်နီညိုအပူဒဏ်ကြိုတင်ကာကွယ်ရေးလိုက်နာဆောင်ရွက်ရန်အချက်များ၊ ရှောင်ကြဉ်ရန်အချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တာဝန်ရှိသူများက တက်ရောက်လာကြသူများအား အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ပြီး တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက အယ်လ်နီညိုရာသီဥတုကြောင့် ပတ်သက်၍ သိလိုသည့် အချက်များကို မေးမြန်းဆွေးနွေးခဲ့ပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

အောင်ရဲကျော်

o–o–o–o

o–o–o–o–o–o

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သက်နိုးဆက်ကပ်၊ ဂါဝရပြုကန်တော့

မန္တလေး အောက်တိုဘာ ၂၇

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ မန္တလေးခရိုင်၊ မြို့နယ်မီးသတ်ဦးစီးမှူးများ၊ အရန်မီးသတ်ကြီးကြပ်ရေးကော်မတီ၊ သန္ဓေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များက ဆရာတော်၊ သံဃာတော်များအား သက်နိုးကပ်လှူပွဲကို အောက်တိုဘာ ၂၆ ရက် နံနက် ၁၀ နာရီက ချမ်းအေးသာစံမြို့နယ်၊ ၂၉လမ်းနှင့်ခလမ်းထောင့်ရှိ ဗဟိုမီးသတ်စခန်း အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ဆရာတော်၊ သံဃာတော်များထံမှ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစော်ဝင်းထွန်းနှင့်ဇနီး၊ ဒုတိယတိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးရွှိုင်းဝေမိုးနှင့် တက်ရောက်လာသူများက သီလခံယူဆောက်တည်ကြပြီး ဝါဆိုသက်နိုး၊ ဝတ္ထုဒွေနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။



ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူးနှင့် ဇနီးတို့သည် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး (ဦမိန်း)ဦးဘသာနှင့် ဦးဝင်းမြင့်တို့အား သီတင်းကျွတ်ဂါရဝပြုကန်တော့ခဲ့ကြပြီး ဖိတ်ကြားထားသည့် ဧည့်သည်များအား နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၀၄၅)



မြတဘက်နဂါးကိုးကောင်ဆရာတော်၏ အသက် (၆၀) ပြည့် ဝိဇာတမွေးနေ့မှင်္ဂလာ ကျင်းပ



မန္တလေး အောက်တိုဘာ ၂၇

မန္တလေး၊ ချမ်းမြသာစည် မြို့နယ်၊ အောင်ပင်လယ်ရှိ ဇော မွန်လှပေါ်တော်မူ ဘုန်းတော်ကြီး သင်ပညာရေးကျောင်း၏ ဦးစီးပဓာနနာယက မြတဘက်နဂါးကိုး ကောင်ဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တရာဓိန္ဒိ၏ အသက် (၆၀)ပြည့် ဝိဇာတမွေးနေ့ မင်္ဂလာကို အောက်တိုဘာ ၂၆ ရက် (သီတင်းကျွတ်လပြည့်နေ့) နံနက် ၈ နာရီ မှ ၁၁ နာရီအထိ ကျင်းပခဲ့သည်။ **(ဝဲပုံ)**

အခမ်းအနားတွင် သံဃာတော်များအား ဆွမ်း၊ သင်္ကန်းနှင့် လှူ ဖွယ်ဝတ္ထုပစ္စည်းအစုစုတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြပြီး တက် ရောက်လာကြသည့် တပည့် ဒါယကာ ဒါယိကာမများက လည်း သာဓုအနုမောဒနာ ခေါ်ဆို ခဲ့ကြသည်။

ထို့နောက် ဇောမွန်လှ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်း၏ အာစရိယပူဇော်ပွဲကို လည်း စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ဇောမွန်လှဘုန်း တော်ကြီးသင်ပညာရေးကျောင်း တွင် KG တန်းမှ အဋ္ဌမတန်း အထိ ကျောင်းသား၊ ကျောင်းသူ ၇၂၀ ခန့်အား အခမဲ့ပညာ သင် ကြားပေးလျက်ရှိသည်။

အဆိုပါ ကျောင်းသို့ ဆက် သွယ်လှူဒါန်းလိုသူများအနေဖြင့် ဖုန်းနံပါတ် ၀၉-၂၀၃၂၄၄၇၊ ၀၉-၇၇၇၉၈၈၈၀၇တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈)

၀-၀-၀-၀-၀



ပြည်ပစားအုန်းဆီ တင်သွင်းမှုလျော့ချနိုင်ရေး ဆီအုန်းမျိုးသစ် ထုတ်လုပ်ရန် ကြိုးပမ်းနေ

မန္တလေး အောက်တိုဘာ ၂၇

ပြည်ပမှ စားအုန်းဆီတင် သွင်းမှု လျော့ချနိုင်ရေးအတွက် ပြည်တွင်း၌ ဆီအုန်းမျိုးသစ်များ ထုတ်လုပ်နိုင်ရန် သုတေသနလုပ် ငန်းများ ဆောင်ရွက်လျက်ရှိ ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူ ဦးမင်းနောင်က ပြောသည်။

တနင်္သာရီတိုင်းဒေသကြီး တွင် ဆီအုန်းစိုက်ဧက ငါးသိန်း အထိ တိုးချဲ့စိုက်ပျိုးရန် အကောင် အထည်ဖော်ခဲ့ပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် စိုက်ဧက ၃ ဒသမ ၉၆ သိန်းမှ ဆီသီးခိုင်တန်ချိန် ၆ ဒသမ ၁၈ သိန်း ထွက်ရှိခဲ့သည်။

ဆီအုန်းမျိုးသုတေသန ယှဉ် ပြိုင်စမ်းသပ်ကွက် ၂၉၉ ဒသမ ၄ ဧကကို ဆောင်ရွက်ထားရှိ သည့်အပြင် အပင်တစ်သျှူး မွေးမြူရေးနည်းစနစ်ဖြင့် ဆီအုန်း မျိုးမွေးမြူရေး သုတေသနလုပ် ငန်းများကိုလည်း ဆောင်ရွက် လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသ ကြီးအတွင်းတွင် လိုအပ်သည့် ဆီ ကြမ်းစက်ရုံနှင့် ဆီချောစက်ရုံများ တည်ဆောက် နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံလိုသည့် လုပ်ငန်းရှင် များနှင့် ချိတ်ဆက်ဆွေးနွေး အကောင်အထည်ဖော်ရန် တာဝန် ရှိသူက တိုက်တွန်းထားသည်။

ဆီအုန်းစိုက်ပျိုးသည့် လုပ် ကွက်ငယ်တောင်သူများ အကျိုး စီးပွားဖြစ်ထွန်းစေရန် ဆီကြမ်း စက်ရုံကြီးများ ပိုင်ဆိုင်သည့် ကုမ္ပဏီများနှင့် အကျိုးတူ လယ် ယာစနစ်ဖြင့် ပူးပေါင်းလုပ်ကိုင် နိုင်ရေး ချိတ်ဆက်ကူညီပေးရန် လည်း ၄င်းက ပြောကြားခဲ့သည်။

ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှု တန်ဖိုးကွင်းဆက်တစ်ခုလုံး ဖွံ့ဖြိုး တိုးတက်စေရန် အစိုးရနှင့် ပုဂ္ဂလိ က ကဏ္ဍတို့အကြား ဟန်ချက် ညီညီ ပူးပေါင်းဆောင်ရွက်ရေး ကိုလည်း ဆက်လက်အကောင် အထည်ဖော်ရန် လိုအပ်ကြောင်း သိရသည်။

(အပေါ်ပုံ) ရွှေမန်း

အားသွင်းပန်ကာများ မန္တလေးတွင် ပစ္စည်းပြတ်သည်အထိ ရောင်းအားကောင်း

မန္တလေး အောက်တိုဘာ ၂၇

မန္တလေးမြို့ရှိ လျှပ်စစ် ပစ္စည်းဈေးကွက်အတွင်း တရုတ် နိုင်ငံထုတ် အားသွင်းပန်ကာ များ ဝယ်လိုအားမြင့်တက်နေပြီး ပစ္စည်းပြတ်လပ်သည်အထိ ရောင်း အားကောင်းနေကြောင်း သိရ သည်။

ပြည်တွင်းဈေးကွက်သို့ အမှတ်တံဆိပ်မျိုးစုံဖြင့် ဝင် ရောက်လာသည့် အားသွင်းစနစ် ပါ ပန်ကာအမျိုးအစားများမှာ လက်ရှိအပူဒဏ်ကြောင့် ဝယ်ယူ သူများပြားလာပြီး ရောင်းအား သိသိသာသာ မြင့်တက်လာခြင်း ဖြစ်သည်။ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ယခုနှစ်တွင် အား သွင်းပန်ကာများ ဝယ်ယူမှု ပိုမို များပြားလာပြီး အပူဒဏ်ခံနိုင်ရန် ကြိုတင်ပြင်ဆင်ဝယ်ယူသူများနှင့် လက်ရှိအသုံးပြုရန် ဝယ်ယူသူ များလာကြောင်း သိရသည်။



အဲကွန်းတပ်ဆင်အသုံးပြု ရန် မတတ်နိုင်သူများသာမက အဲကွန်းရှိပြီးသားသူများပါ အပူ ဒဏ်သက်သာစေရန် ပန်ကာများ ထပ်မံဝယ်ယူလာကြသည့်အတွက် အားသွင်းပန်ကာများ၏ ရောင်း အား မြင့်တက်လာခြင်းဖြစ်သည်။

ထို့အပြင် တရုတ်နိုင်ငံ ထုတ် ပန်ကာများမှာ ဈေးနှုန်းသင့်တင့် ခြင်း၊ အရည်အသွေးပိုင်း တိုးတက် လာခြင်းနှင့် အာမခံပေးမှုများ ရှိလာခြင်းတို့ကြောင့်လည်း ဝယ်ယူ သူများ၏ စိတ်ဝင်စားမှု ပိုမိုရရှိ လာကြောင်း သိရသည်။

လက်ရှိတွင် Raven၊ F6 နှင့် KAZE အစရှိသည့် တရုတ် နိုင်ငံထုတ် အားသွင်းစနစ် ပါဝင် ပြီး ဈေးနှုန်းသင့်တင့်သော ပန်ကာ အမျိုးအစားများ အထူးရောင်း အားကောင်းနေကြောင်းသိရသည်။

ထို့အပြင် မန္တလေးလျှပ်စစ် ပစ္စည်းဈေးကွက်အတွင်း ငွေ ကျပ် တစ်သိန်းခွဲမှ သုံးသိန်းဝန်း ကျင်အထိ ဈေးနှုန်းရှိသည့် So-lar System ပါဝင်သော 48V Lithium အားသွင်းပန်ကာများ လည်း အရောင်းအဝယ်ဖြစ်နေပြီး ငွေကျပ် နှစ်သိန်းဝန်းကျင်တန် ပန်ကာများကို ဝယ်ယူသူ ပိုမို များပြားသည်။ပန်ကာပြင်ဆိုင် များတွင်လည်း ပစ္စည်းအပ်နှံသူ များလာသဖြင့် ပန်ကာပြုပြင် ဆိုင်များတွင် စုပြုံနေကြောင်း သိရသည်။ **(ဝဲပုံ)**

(မန္တလေးနေ့စဉ်-၈)

ဧရာဝတီ-ယန်ဇီ ရိုးရာယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးရေးပွဲတော် ကျင်းပမည်

မန္တလေး အောက်တိုဘာ ၂၇

မြန်မာ-တရုတ်ချစ်ကြည် ရေးအသင်း(ဗဟို)ရုံးခွဲ(မန္တလေး) မှ ကြီးမှူးကျင်းပမည့် ဧရာဝတီ-ယန်ဇီ ရိုးရာယဉ်ကျေးမှုနှင့်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးပွဲတော် ၂၀၂၆ ကို မန္တလေးမြို့ရှိ Mandalay Convention Center တွင် နိုဝင်ဘာ ၁ ရက် မှ ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိ ရသည်။

အဆိုပါ ပွဲတော်တွင် မြန်မာနှင့် တရုတ်ရိုးရာယဉ်ကျေး မှု အနုပညာပြပွဲများနှင့် ဖျော်ဖြေ ရေးအစီအစဉ်များအပြင် စိုက်ပျိုး ရေး၊ စက်ယန္တရားနှင့် နည်းပညာ များ၊ SME လုပ်ငန်းများအတွက် ဘဏ္ဍာရေး ဝန်ဆောင်မှုများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ မော် တော်ယာဉ်များ၊ ဆေးဝါးနှင့်ဆေးရုံ သုံးစက်ပစ္စည်းများ၊ စားသောက် ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို လည်း ပြသသွားမည်ဖြစ်သည်။

ထို့ပြင် ပြည်တွင်း၊ပြည်ပမှ လုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ် နှံသူများ ပါဝင်တက်ရောက်ကာ စီးပွားရေးဆွေးနွေးပွဲများ၊ ယဉ် ကျေးမှုဖလှယ်ရေးနှင့် စီးပွားရေး ကွန်ရက်ချိတ်ဆက်မှု အစီအစဉ် များကိုလည်း ပြုလုပ်သွားမည်ဖြစ် သည်။

အဆိုပါ ပွဲတော်သည် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား စီးပွားရေးနှင့်ယဉ်ကျေးမှု ပူးပေါင်း ဆောင်ရွက်မှုများ မြှင့်တင်ရန် နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန် ရည်ရွယ် ၍ ကျင်းပခြင်းဖြစ်ကြောင်း သိရ သည်။

(ယာဝဲပုံ)

(မန္တလေးနေ့စဉ်-၈)



တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယားနှင့် မကာအိုဒေသများအတွက် ဆိုက်ရောက်ဗီဇာ စမ်းသပ်ကာလ တစ်နှစ်တိုးမြှင့်

မန္တလေး အောက်တိုဘာ ၂၇

မြန်မာနိုင်ငံသို့ လေကြောင်း ဖြင့် လာရောက်လည်ပတ်မည့် တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီး ယားနှင့် မကာအိုအထူးအုပ်ချုပ် ရေးဒေသမှ ခရီးသွားများအတွက် ဆိုက်ရောက်ဗီဇာ (ကမ္ဘာလှည့်) စမ်းသပ်ကာလကို တစ်နှစ်စီ ထပ်မံသက်တမ်းတိုးမြှင့်ထား ကြောင်း ယဉ်ကျေးမှု၊ ဟိုတယ် နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

တရုတ်နှင့် အိန္ဒိယနိုင်ငံသား များအတွက် ဆိုက်ရောက်ဗီဇာ (ကမ္ဘာလှည့်)ကို တတိယအကြိမ် အဖြစ် ၂၀၂၆ ခုနှစ် ဩဂုတ် ၃၀ ရက်မှ ၂၀၂၇ ခုနှစ်၊ ဩဂုတ် ၂၉ ရက်အထိ သက်တမ်းတိုးမြှင့်ပေး ထားသည်။



ဂျပန်၊ ကိုရီးယားသမ္မတ နိုင်ငံနှင့် မကာအိုအထူးအုပ်ချုပ် ရေးဒေသမှ ခရီးသွားများအတွက် လည်း ဒုတိယအကြိမ်အဖြစ် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၁ ရက်မှ ၂၀၂၇ ခုနှစ်၊ အောက်တို ဘာ ၂၀ ရက်အထိ တစ်နှစ်သက် တမ်းတိုးမြှင့်ပေးထားကြောင်း သိရသည်။ **(ဝဲပုံ) ရွှေမန်း**

သီတင်းကျွတ်ရာသီပန်း (သို့မဟုတ်) ဆေးဖက်ဝင် ကြာပန်းလေးများအကြောင်း

မြန်မာလ၏ (၁၂)လရာသီပန်းများအကြောင်းကို 'ရာသီမသီပန်းနှင့်ညီ' ဟုအမည်ရသော ချစ်စရာကဗျာလေး တစ်ပုဒ်ကို ကင်းဝန်မင်းကြီးက ယခုလိုရေးဖွဲ့သီကုံးခဲ့ကြောင်း လေ့လာမှတ်သားရပါသည်။

ပန်းကုံကော် ရွှေစံကား
ငွေသားနု စံပယ်မှန်။
မုလေး(မြတ်လေး)ဓတ္တာနှင့်
ရွှေရင်းမာ ကြာဇဝဲ
ဖွဲ့စနှင်းလျှံ။
သဇင်ကျန်
နွာတန်နှင့်ပေါက်လဲ့။
ပွင့်ဝတ်ကယ် ရွှေဖီဝင်း
သင်းထုံနံ့ကဲ့။ ။

ထို့ကြောင့် တန်ခူးလတွင် ကုံကော်ပန်း၊ ကဆုန်လတွင် စံကားပန်း၊ နယုန်လတွင် စံပယ်ပန်း၊ ဝါဆိုလတွင် မြတ်လေးပန်း၊ ဝါခေါင်လတွင် ခတ္တာပန်း၊ တော်သလင်းလတွင် ရင်းမာပန်း၊ သီတင်းကျွတ်လတွင် ကြာပန်း၊ တန်ဆောင်မုန်းလတွင် ခဝဲပန်း၊ နတ်တော်လတွင် သဇင်ပန်း၊ ပြာသိုလတွင် ဇာဘိပန်း၊ တပို့တွဲလတွင် ပေါက်ပန်းနှင့် တပေါင်းလတွင် သရဖီပန်းတို့ ဖူးပွင့်ကြကြောင်းကို မြန်မာဖတ်စာကဗျာ၏ ကျေးဇူးကြောင့် ကျွန်မတို့ ငယ်ငယ်တည်းက သိခွင့်ရခဲ့ပါသည်။

သီတင်းကျွတ်လ ကြာပန်း

'ရေ၏ အတိမ်အနက်ကို ကြာရိုးကြာဇွယ်များဖြင့်သာ သိရာ၏' ဟု လောကနီတိတွင် ဆိုထားသည်။

'ကြာငါးမည် ကြိုင်သင်းလို့ လျှံဝင်းတဲ့ ပြောင်ထိန်' ဟု ဖိုးသူတော်ဦးမင်းက စာဖွဲ့ထားပါသည်။

ကြာငါးခိုင်နှင့်ပတ်သက်၍ စေတီပုထိုးများတွင် ကြာမှောက်၊ ကြာလှန်များ ပြုလုပ်ထားခြင်း၊ ဘာသာရေး အဆောက်အအုံများတွင် ကြာပန်းလေးပွင့်နှင့် ကြာပန်းတစ်ငုံကို ကြိုးဖြင့် စည်းထားခြင်း၊ ကြာပန်းငါးခိုင်ကို ကြိုးဖြင့် ချည်ထားသည့် အမှတ်တံဆိပ်ကို အသုံးပြုနေကြခြင်း စသည့်လက္ခဏာများသည် ဘုရားငါးဆူပွင့် တော်မူမည်ကို ညွှန်းဆိုပြနေခြင်း ဖြစ်ပါသည်။

ဤဘဒ္ဒကမ္ပာတွင် ဘုရားငါးဆူပွင့်မည်ဟု မိုးနတ်ဗြဟ္မာများက နိမိတ်ဖတ်ကြားခဲ့ရာ 'ငါးဆူရွေကြာ၊ နိမိတ်လာ၍၊ ငါးဖြာမြွာလျက်၊ တစ်ပင်နက်ဝယ်၊ ငါးဆက်ဖူးငုံ၊ ပေါ်လတ်တုံက၊ ငါးပါးအညီ၊ ပွင့်တန်သည်ဟု၊ ငါးမည်မိုးနတ်၊ နိမိတ်ဖတ်သည်၊ မချွတ်ကမ္ဘာ၊ ပွင့်ရာသောဝဲ' ဟု စာဆိုရှိခဲ့သည်။ ကြာငါးခိုင်နှင့် ဘုရားငါးဆူကို တင်စားရာတွင် လက်ကြာမုံလည်း ပါဝင်သည်။ လက်အုပ်ကလေးတွေချီပြီး ရှိခိုးကန်တော့ကြရာတွင် လက်နှစ်ဖက်အစုံကို ကြာငုံကြာဖူးကဲ့သို့ ပူးကပ်ထားသည့် ပုံသဏ္ဌာန် ဖြစ်ပါသည်။

'နွယ်မြက်သစ်ပင် ဆေးဖက်ဝင်' ဟူသော ဆိုရိုးစကားအတိုင်း ကျန်းမာရေးရှုထောင့်မှ လေ့လာကြည့်ရာတွင် (၁၂)လရာသီပန်းများတွင်လည်း တစ်မျိုးချင်းစီအလိုက် ကျန်းမာရေးအာနိသင် အစွမ်းထက်မြက်ကြသည်။ သီတင်းကျွတ်လရာသီပန်းသည် ကြာပန်း ဖြစ်သည်။ ကြာဖြူ(ခေါ်)ကုမုဒြာကြာ၊ ကြာနီ၊ ကြာညို၊ ကြာတံဆိပ်(ခေါ်)ကြာပုဏ္ဍရိက်၊ ကြာခေါင်းလောင်း(ခေါ်)ပဒုမ္မာကြာဟူ၍ ရေမှာပေါက်သော ကြာပန်း ငါးမျိုးရှိသည်။ ထို့ကြောင့် ယနေ့ချိန်ခါ ဝါလကင်းလွတ် သီတင်းကျွတ်လရာသီအတွက် ကြာပန်းလေးများ၏ ကျန်းမာရေးအကြောင်းကို ကျန်းမာသုတရကြပါစေကြောင်း ရည်ရွယ်၍ စာရေးသူမှ အောက်ပါအတိုင်း ရေးသားလိုက်ရပါသည်။

ကြာပင်ဆိုသည်မှာ အရွက်ပိုင်းပြီး အပွင့်တို့သည် အဖြူ၊ အနီ ပွင့်သော ရေတွင်ပေါက်သည့် အပင်တစ်မျိုး ဖြစ်ပါသည်။ ကြာငါးမျိုးအနက် ကြာဖြူ၊ ကြာနီနှင့် ကြာညိုတို့က ဥပွင့်လမျိုး ဖြစ်ပြီး ကြာတံဆိပ်က ပုဏ္ဍရိက်မျိုး ဖြစ်သည်။ ကြာဖြူနှင့် ပဒုမ္မာကြာတို့က ညချမ်းချိန်ခါ လရောင်အောက်မှာသာ ပွင့်လှေ့ရှိကြပြီး ကျန်ကြာပန်း အရောင်သုံးမျိုးတို့ကမူ နေရောင်ခြည် ဖြာထွက်လာမှသာ ပွင့်လန်း လေ့ရှိသည်။ ပဒုမ္မာကြာသည် ရိုးတံမာပြီး ဆူးရှိသည်။ အများအားဖြင့် ပန်းရောင် အပွင့်ပွင့်ကာ အပွင့်ကြီးသည်။

ဖော်ပြပါ ကြာပန်း ငါးမျိုးအပြင် ကုန်းပေါ်မှာသာပေါက်၍ နေရှိရာအရပ်သို့ လှည့်၍ပွင့်သော နောက်ထပ် ကြာပန်းတစ်မျိုး ရှိပါသေးသည်။ ၄င်းမှာ နေကြာပန်းဖြစ်ပါသည်။ သို့သော် ရှေးပညာရှိ ကဝိအကျော်အမော်များက ရေမှာပွင့်သော ကြာပန်းကိုသာ သီတင်းကျွတ်ကာလ (၁၂)လရာသီပန်းဘွဲ့အဖြစ် သတ်မှတ်ပါသည်။

ရေမှာပွင့်သော ကြာပန်း ငါးမျိုးကို ခွဲခြမ်းစိတ်ဖြာကြည့်ရာ အဝါဖျော့ရောင်ဝတ်ဆံဖြင့် ပွင့်ချပ်အဖြူကို 'ကြာဖြူပန်း'၊ ပွင့်ဖတ်က နီဆွေးဆွေး ပန်းရောင်လွင်လွင်ကို 'ကြာနီပန်း'၊ ရွှေရောင်တောက် တောက်ဝတ်ဆံကို 'ကြာညိုပန်း'၊ သေးသေးကျစ်ကျစ် အရွယ်အစား လေးများဖြင့် ရေမျက်နှာပြင်ပေါ် ဖြန့်ကြဲ၍ ပွင့်တတ်သောပန်းကို 'ကြာတံဆိပ်'၊ အဖြူရောင်ပွင့်ချပ်ခုနစ်လွှာပါသောပန်းကို 'ပဒုမ္မာကြာ' ဟု ယေဘုယျအားဖြင့် ခွဲခြားသိမြင် သတ်မှတ်နိုင်သည်။

ကြာပန်းကို မြန်မာလူမျိုးများက ပန်ဆင်လေ့မရှိပါ

သို့သော် လေ့လာကြည့်ရာ၌ လွန်ခဲ့သော နှစ်ပေါင်း ၅၀၀၀ ခန့် (ဘီစီ ၃၀၀၀ ခန့်)က ယခု ပါကစ္စတန်နိုင်ငံရှိ အိန္ဒမြစ်ဝှမ်းတွင် မိုဟင်ဂျဒါရိုမြို့၊ ဟာရပ္ပမြို့များ ထွန်းကားခဲ့သည်။ ထိုမြို့များတွင် နေထိုင်သူများမှာ ဒြာဗီးဒီးယန်းလူမျိုးများ ဖြစ်ကြသည်။ ထိုမြို့များကို တူးဖော်ရာ၌ ယင်းဒေသတွင် နေထိုင်သူများက ကြာကို အဖြတ်တန်းပန်ဆင်အသုံးပြုခဲ့ကြသည်ဟု ယူဆရသော အထောက်အထားများ တွေ့ရကြောင်း လေ့လာသိရပါသည်။ ကြာပန်းနှင့် ပတ်သက်၍ နောက်ထပ်တွေ့ရှိထားသော ဗဟုသုတတစ်ခုမှာ တောင်အမေရိကတိုက် အမေဇုန်မြစ်ကမ်းစပ်တွင် ဗစ်တိုးရီးဂျီးယားဟုခေါ်သော ကြာအမျိုးအစား ရှိကြောင်း၊ ကြာအရွက်မှာ ၆ ပေ ၇ ပေအထိရှိပြီး အပွင့်မှာ ၈ လက်မ မှ ၁၆ လက်မအထိရှိကြောင်း သိရပါသည်။

ကြာပန်းနှင့် ဘာသာရေးအမှတ်တံဆိပ်

ဗုဒ္ဓဘာသာတွင် ကြာပန်းကို အထင်ကရ တင်စားမှု ပြုလေ့ရှိသည်။ ထို့အပြင် ကြာကို ကိလေသာစင်ကြယ်ခြင်း၏ သင်္ကေတဟု တင်စားကြသည်။ မြတ်စွာဘုရားကို ကြာသင်္ကန်းကပ်ခြင်း၊ မြန်မာပြည်ရှိ စေတီများတွင်လည်း ကြာမှောက်၊ ကြာလန်၊ ကြာဘီလူးဆွဲ၊ ကြာန၊ ကြာပဲ့များပါရှိသည်။ ဘာသာရေးနှင့် ပတ်သက်ပြီး မြန်မာ့ယဉ်ကျေးမှုနယ်ပယ်များတွင် ကြာပန်းကို ပုံစံအမျိုးမျိုးသုံးကြကြောင်း အောက်ပါအတိုင်း လေ့လာသိရပါသည်။

- ကြာချပ်ပုံများဖြင့် မွမ်းမံပြုလုပ်ထားသောကလပ်(လုပ်ကရော့အုပ်ခေါင်းလန်း၊ ဆန်းလှသည့်ကြာကလပ်။ ဂီသဓိ။ ၁၁၃)
- ပြာသာဒ်တွင် ထုပိကာအောက်ရှိ အစိတ်အပိုင်း (ရွှေနန်းဝေမာ၊ ထုပိကာ၏၊ နေရာအောက်ရပ်၊ ကြာကလပ်တွင်။ စိန်ကျော်။ ၉)
- ကြာချပ်များဖြင့်မွမ်းမံသော အလောင်းတင်ခုံ(လူသေအလောင်းထည့်သော ခေါင်းပျဉ်၊ ကြာကလပ်ပိတာန်၊ ကြာကလပ်။ ချုပ်ပုံ၊ ဒု၊ ၅၆)
- ကြာငုံ၊ ကြာဖူးကို 'ကြာမုံ'၊
- စေတီတွင် ရွှဲနှင့်ငှက်ပျောဖူးအကြားရှိ မှောက်ထားသော ကြာပုံအစိတ်အပိုင်းကို 'ကြာမှောက်'၊
- လှန်ထားသော ကြာပုံ အစိတ်အပိုင်းကို 'ကြာလန်'၊
- ကြာလန်အထက် ကြာမှောက်အောက်တွင် ပြုလုပ်ထားသော ထောင်လိုက်အတွန့်ကို 'ကြာရင့်'၊
- မဏ္ဍပ်ကနားများတွင် ဆွဲထားသော၊ ဆင်ထားသော နဖူးစည်း အဆင်တန်ဆာကို 'ကြာဃဝဲ'၊
- ကြာပင်က ကြာမျှင်များကို ခက်ခက်ခဲခဲရယူပြီး ရက်လုပ်ထားသော သင်္ကန်း၊ ဘုရားလူရန် အဆင်တန်ဆာများဖြင့် တင့်တင်တယ်တယ် ချုပ်ထားသော သင်္ကန်းကို 'ကြာသင်္ကန်း' စသည်ဖြင့် လေ့လာမှတ်သားရပါသည်။

ဆေးဖက်ဝင် ကြာပန်း

ကြာပန်းအရောင်အဆင်းများ မတူညီကြသကဲ့သို့ ၄င်းတို့၏ဝတ်ဆံများကလည်း အမျိုးမျိုးအဖုံဖုံ ဆေးဖက်ဝင်လှသဖြင့် ရှေးတိုင်းရင်းဆေးဆရာကြီးများက ကြာပန်းကုထုံးဖြင့် အောက်ဖော်ပြပါ ရောဂါများကို ကုသစီရင်ခဲ့ကြကြောင်း လေ့လာမှတ်သားရပါသည်။

'ကြာဖြူဝတ်ဆံသည် ဝမ်းသွားခြင်း၊ အထက်လန်အောက်လျှောခြင်း၊ သည်းခြေဖောက်ပြန်ခြင်း၊ ကိုယ်တွင်းအပူများ၍ ပိန်လှီခြောက်ကပ်ခြင်း၊ သလိပ်ထခြင်း စသည့်ရောဂါတို့ကို ကုသပျောက်ကင်းနိုင်သည်။

ကြာနီဝတ်ဆံသည် လေပူထခြင်း၊ အိပ်မပျော်ခြင်း၊ စိတ်မကြည်မလင်ဖြစ်ခြင်း၊ အာရုံမစူးစိုက်နိုင်ခြင်း စသည့်ရောဂါတို့ကို ကုသပျောက်ကင်းနိုင်ပါသည်။

ကြာညိုဝတ်ဆံသည် ဝမ်းသက်ခြင်း၊ ချွဲသလိပ်ထခြင်း၊ လေထိုး၍ နှလုံးဆို့အောင့်ခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်း၊ ဖျားနာခြင်း၊ ကိုယ်ခံအားနည်းခြင်း စသည့်ရောဂါတို့ကို ကုသပျောက်ကင်းနိုင်ပါသည်။

'ကြာတံဆိပ်ဝတ်ဆံသည် အပူပြင်း၍ ဖျားနာခြင်း၊ စိတ်ဂနာမငြိမ်ဖြစ်ခြင်း၊ သွေးအန်ခြင်း၊ မူးဝေခြင်း၊ အော့အန်ခြင်း၊ နှလုံးရောဂါ၊ အသည်းရောဂါ၊ သည်းခြေကောင်းခြင်း စသည့်ရောဂါတို့ကို ကုသပျောက်ကင်းနိုင်ပါသည်။

ပဒုမ္မာကြာဝတ်ဆံသည် သွေးသည်းခြေဖောက်ပြန်၍ဖြစ်သော စိတ္တဇဝေဒနာ(ရူးသွပ်ခြင်း)၊ ရင်ပူခြင်း၊ လည်ချောင်းပူခြင်း၊ ချောင်ဆိုးခြင်း၊ ငိုက်မြည်းခြင်း၊ ရေတပ်ရောဂါ၊ ကိုယ်ခံအားဆုတ်ယုတ်ခြင်း စသည့်ရောဂါတို့ကို ကုသပျောက်ကင်းနိုင်ပါသည်။

ကြာရိုးနှင့် ကျန်းမာရေး

ကြာရိုးဆိုသည်မှာ ကြာပန်းအောက်မှာရှိသော အရိုးပွပွလေးကို ခေါ်ပါသည်။ အထက်တွင် ရေးသားဖော်ပြထားသည့်အတိုင်း ကြာပန်းအမျိုးမျိုးရှိကြရာ ၄င်းတို့အနက် ကြာနီပန်း၏အရိုးကို ဟင်းချိဟင်းခါး ချက်သောက်ကြပါသည်။ နီညိုရောင်လေးရှိပြီး ခပ်ပွပွ ရိုးတံလေးကို အရွယ်တော်လေးတွေ လိုးဖြတ်ကာ ဘေးနားကအမျှင်လေးတွေကို သင်ပြီး ချက်စားလို့ရပါသည်။

ကြာရိုးတွင် ကယ်လ်ဆီယမ်၊ သံဓာတ်နှင့် အမျှင်ဓာတ်တို့ ကြွယ်ဝစွာပါဝင်နေပါသည်။ ကြာရိုးစားပေးခြင်းဖြင့် အောက်ဖော်ပြပါ ကျန်းမာရေးကောင်းကျိုးများစွာကို ရရှိစေပါသည်။

- ကြာရိုးက အမျှင်ဓာတ် ကြွယ်ဝသောကြောင့် အစာခြေစနစ်ကို အထောက်အကူပြုနိုင်သလို ဝမ်းမှန်စေသည်။ ဝမ်းချုပ်တတ်သူများအတွက် အထူးသင့်တော်ပါသည်။
- ကြာရိုးတွင် ကယ်လ်ဆီယမ်ပါဝင်နေမှုက နှလုံးကျန်းမာရေးကို အကောင်းဆုံး အထောက်အကူပြုပေးနိုင်ပါသည်။
- ထို့အပြင် ကယ်လ်ဆီယမ်ကြွယ်ဝမှုက အရိုးတွေကို သန်မာစေပြီး အရိုးသိပ်သည်းဆကို ကောင်းစေနိုင်ပါသည်။
- ကြာရိုးက ဓာတ်တိုးဆန့်ကျင် အာနိသင်ကြွယ်ဝသလို အမိုင်နိုအက်ဆစ်တစ်မျိုးဖြစ်သော Tryptophan ကြွယ်ဝစွာပါဝင်နေသောကြောင့် ဆဲလ်တွေကို ထိခိုက်မှုမဖြစ်အောင် ကာကွယ်ပေးသည်။ ထို့အပြင် ပတ်ဝန်းကျင်က ညစ်ညမ်းတဲ့အရာတွေကြောင့် ဆဲလ်တွေ မပျက်စီးအောင် ကာကွယ်ပေးနိုင်သည်။
- ကြာရိုးတွင် ပိုတက်ဆီယမ် ကြွယ်ဝမှုက သွေးပေါင်ချိန်ကို ထိန်းညှိပေးလို သွေးတွင်းသကြားဓာတ်ကိုလည်း အကောင်းဆုံး ထိန်းညှိပေးသည်။ ထို့ကြောင့် ကြာရိုးကို ဆီးချိုရှိသူတွေရော၊ သွေးတိုးရှိသူတွေပါ စားသုံးပေးသင့်ပါသည်။
- ကြာရိုးတွင် မဆိုသလောက် ဇီတာမင်စီပါရှိနေ၍ ကိုယ်ခံအားကောင်းစေဖို့ အထောက်အပံ့ကောင်းဖြစ်သည်။
- အမျှင်ဓာတ်ကြွယ်ဝကာ ကယ်လ်လိုရီပါဝင်မှုနည်းပါးခြင်းနှင့် အာဟာရဓာတ်ကြွယ်ဝမှုကြောင့် ကြာရိုးက ကိုယ်အလေးချိန်ကျစေဖို့ အကောင်းဆုံး အထောက်အပံ့ပေးနိုင်သည်။
- ကြာရိုးမှာ ဇီတာမင်ဘီ၊ နီကာစင်၊ ဖောလိတ်၊ သီရာမင်း၊ ဇီတာမင်ဘီ-၆ နှင့် Pantothenic အက်စစ်တို့ ကြွယ်ဝစွာပါဝင်နေတာကြောင့် မှတ်ဉာဏ်အားကောင်းစေသည်။ သတိမေ့၊ ခေါင်းကိုက်စသည့် စိတ်ဖိစီးမှုတွေကို ပြေလျော့စေပါသည်။ ထို့ကြောင့် ကြာရိုးက စိတ်ကြည်လင်လန်းဆန်းစေရန် အကောင်းဆုံး ဖြည့်စွက်စာတစ်မျိုးဖြစ်သည်။
- ကြာရိုးက ကလေးတွေရော ကိုယ်ဝန်ဆောင်မိခင်လောင်းတွေပါ စားနိုင်သည့် ဘေးကင်းသော စားစရာတစ်ခုဖြစ်သည်။

(သတိပြုရန်) ကြာရိုးကို ချက်မစားခင်မှာ သေချာစွာ သန့်စင်ဆေးကြော့ဖို့လိုပါသည်။

တင်ထက်ထက်ဇော်

ဝါခင်းကုန်းစေတီတော်တွင် ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်



မန္တလေး အောက်တိုဘာ ၂၇

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်ရှိ မာန်အောင်ရတနာ ဓာတုဃရ ဝါခင်းကုန်းစေတီတော်မြတ်တွင် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်က ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်ခဲ့သည်။ **(အပေါ်ပုံ)**

ဝါခင်းကုန်း စေတီတော်မြတ်သည် မန္တလေးမြို့ရှိ သမိုင်းဝင်စေတီတော်များအနက် တစ်ဆူဖြစ်ပြီး ဒေသခံပြည်သူများ ကြည်ညိုကိုးကွယ်ကြသည့် စေတီတော်တစ်ဆူဖြစ်ပြီး ဒေသခံများ၏ ပြောကြားချက်အရ အဆိုပါစေတီတော်ကို ကုန်းဘောင်မင်းဆက်မှ သီပေါမင်းနှင့် မိဖုရား စုဖုရားလတ်တို့က တည်ထားကိုးကွယ်ခဲ့ကြောင်း သိရသည်။

သီတင်းကျွတ်ကာလတွင် ဘုရား၊ စေတီများ၌ ဆီမီးထွန်းညှိပူဇော်ခြင်းသည် မြန်မာ့ရိုးရာဘာသာရေးဓလေ့တစ်ခုဖြစ်ပြီး ဘုရားဖူးလာရောက်သူများက ဆီမီးပူဇော်ခြင်း၊ ကုသိုလ်ကောင်းမှုများ ပြုလုပ်ခြင်းတို့ဖြင့် သီတင်းကျွတ်ပွဲတော်ကို ဆင်နွဲလေ့ရှိကြသည်။

ဝါခင်းကုန်း စေတီတော်တွင်လည်း နှစ်စဉ်သီတင်းကျွတ်ကာလ၌ ဆီမီးထွန်းညှိပူဇော်လေ့ရှိပြီး ယခုနှစ်တွင် ဆီမီး ၁၀၀၀၀ ထွန်းညှိပူဇော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျော်စေယျ(မန္တလေးနေ့စဉ်)



မန္တလေး စာပေကထိန် (၂၅)ကြိမ်မြောက် ကျင်းပမည်

မန္တလေး အောက်တိုဘာ ၂၇

မန္တလေးစာပေနှင့် အနုပညာရှင်များ စုပေါင်းမဟာဘုံကထိန်တော်၏(၂၅)ကြိမ်မြောက်ငွေရတုအထိမ်းအမှတ် ကထိန်ပွဲကို နိုဝင်ဘာ ၂၂ ရက်တွင် မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ ဒီပါအေးကျောင်းတိုက်၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ စာပေကထိန်တော်ကို မန္တလေးမြို့ရှိ စာရေးဆရာ၊ သတင်းစာဆရာ၊ သတင်းထောက်၊ ကဗျာဆရာ၊ ကာတွန်းဆရာနှင့် စာပေမိတ်ဆွေများ စုပေါင်းကျင်းပခြင်းဖြစ်ပြီး နိုင်ငံတစ်ဝန်းရှိ စာပေဝါသနာရှင်များကလည်း နှစ်စဉ် ပါဝင်လှူဒါန်းကြသည်။

ယခုနှစ် ငွေရတုအထိမ်းအမှတ် ကထိန်တော်တွင် နဝကမ္မဝဏ္ဏငွေကျပ်သိန်း ၅၀ နှင့် တန်ဖိုးငွေကျပ် ၁၀ သိန်းရှိ ဓိရိတစ်လုံးကို လှူဒါန်းမည်ဖြစ်ပြီး အရန်ပင့်သံဃာတော်များအား တစ်ပါးလျှင် နဝကမ္မဝဏ္ဏငွေကျပ်တစ်သိန်းစီ လှူဒါန်းသွားမည်ဖြစ်သည်။

ကထိန်အကြို ဇည့်ခံကျွေးမွေးခြင်းကို နိုဝင်ဘာ ၂၁ ရက် မွန်းလွဲ ၃ နာရီမှ ညနေ ၅ နာရီအထိ ဇာတိမာန်လူငယ်စာဖတ်အသင်းက တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး လာရောက်သူများကို မြန်မာမုန့်မျိုးစုံအပါအဝင် အစားအသောက်များဖြင့် ဇည့်ခံမည်ဖြစ်သည့်အပြင် စာအုပ်၊ ပန်းချီကားနှင့် ဓာတ်ပုံများကိုလည်း မဲဖောက်၍ အမှတ်တရ လက်ဆောင်များအဖြစ် ပေးအပ်သွားမည်ဖြစ်သည်။ အဆိုပါ အသင်းသည် ကထိန်အကြို ဇည့်ခံကျွေးမွေးခြင်းကို ၂၀၁၂ ခုနှစ်မှစတင်၍ တာဝန်ယူဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် ငွေရတုအထိမ်းအမှတ်အဖြစ် ပို့စကတ်လေးမျိုးကိုလည်း အခမဲ့ဖြန့်ဝေသွားမည်ဖြစ်ပြီး ကထိန်တော်အတွက် ကိုယ်စားပြုလိုဂိုကိုလည်း ယခုနှစ်တွင် ပထမဆုံး ရေးဆွဲထားသည်။

မန္တလေးစာပေနှင့် အနုပညာရှင်များ၏ စုပေါင်းမဟာဘုံ ကထိန်တော်သည် စာပေသမားများ၏ စုပေါင်းညီညွတ်မှုနှင့် အပြန်အလှန်ကူညီမှုကို ဖော်ဆောင်သည့် အစဉ်အလာတစ်ခုဖြစ်ပြီး ယခင်နှစ်များကလည်း မန္တလေးမြို့အပါအဝင် အခြားဒေသများရှိ ကျောင်းတိုက်များသို့ သွားရောက်ကာ ကထိန်ခင်းကျင်း လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ရွှေမန်း



မင်းဘူး အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

မင်းဘူး အောက်တိုဘာ ၂၇

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌဖလား မြို့နယ်အတွင်း အသက်(၂၃)နှစ်အောက် အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၉ နာရီက ခရိုင်အားကစားကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့သည် ၂၀၂၆ခုနှစ် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလားမြို့နယ်အတွင်း အသက်(၂၃)နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် မင်းဘူးအမှတ် (၃)အသင်းနှင့် စက A အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုအား ကြည့်ရှုအားပေးကြကာ ပြိုင်ပွဲတွင် မင်းဘူး အမှတ်(၃) အသင်းက အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဆန်းဟိုက အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သော မင်းဘူး အမှတ်(၃) အသင်းအား ဒိုင်းဆုဖလားအား လည်းကောင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူးက တစ်ဦးချင်း ဆွဲပြား၊ ငွေသားဆုများအား လည်းကောင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်(၁) မြို့နယ်စီမံကိန်းဦးစီးမှူးက ဒုတိယရရှိသော စက A အသင်းအား တစ်ဦးချင်း ဆွဲပြားနှင့် ငွေသားဆုများကိုလည်း ကောင်း အသီးသီးပေးအပ်ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)



(၅၀၄)

ဖတ်စရာ မှတ်စရာ ခုံလင်း မြန်မာ့အလင်း

ကမ္မဿကတာသမ္မာဒိဋ္ဌိ

* ကောင်းသောအမူ
ကိုယ်တိုင်ပြု
ကုသိုလ်ကာယကံ။
* ကောင်းသောစကားကို
ကိုယ်တိုင်ဆို
ကုသိုလ်ဝစီကံ။
* ကောင်းသောစိတ်အကြံ
ကိုယ်တိုင်ကြံ
ကုသိုလ်မနောကံ။
* ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ
ကမ္မဿကတာသမ္မာဒိဋ္ဌိ
အသိဉာဏ်အလင်း
အမြင်ရှင်းလာ
မြတ်ဗုဒ္ဓ အယူဝါဒ
ဟောမိန့်ပြ၏။ ။

မြတ်ထေရ်ကျော်

မန္တလေးတိုင်းဒေသကြီးအတွင်း သာယာလှပ သီတင်းကျွတ်ည ဆီမီးထွန်းပွဲ ကျင်းပ



ညောင်ဦး၊ အောက်တိုဘာ ၂၇

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သမိုင်းဝင်အထင်ကရဘုရားများတွင် ဒေသခံပြည်သူများနှင့် မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် ဆီမီးပူဇော်သူများပြားလျက်ရှိကြောင်း ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ တာဝန်ရှိသူများထံမှ သိရသည်။

ပုဂံညောင်ဦးရှေးဟောင်းယဉ်ကျေးမှုဇုန်ရှိ ဂေါပကအဖွဲ့ထားရှိသည့်သမိုင်းဝင်၊ သမိုင်းအထင်ကရ ဘုရား ၁၉ ဆူအပြင်အခါကြီးရက်ကြီးများတွင် မြန်မာပြည်အရပ်ရပ်မှ ဆီမီးပူဇော်လာရောက်လေ့ရှိရာ နှစ်စဉ်နှစ်တိုင်း ရိုးရာမပျက် ဆီမီးပူဇော်ကြကြောင်း၊ ယနေ့သီတင်းကျွတ်လပြည့်နေ့တွင်လည်း အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများက မြတ်စွာဘုရားရှင်နှင့် သာသနာကိုစောင့်ရှောက်တော်မူကြသော ရဟန်း၊ သံဃာတော်များအား ရည်မှန်း၍ ဆီမီးကပ်လှူပူဇော်ကြကြောင်း၊ ရွှေစည်းခုံစေတီတော်၊ ထီးလိုမင်းလို၊ အလိုတော်ပြည့်၊ မမွှံရဲကြီး၊ စူဠာမဏိ၊ ရွှေဆံတော်၊ မနုဟာ၊ ဓမ္မရာဇာ၊ မဟာဇင်္ဂီမင်းကြီး၊ မဟာဗောဓိ၊ သမ္ဗုဒ္ဓဘုရား၊ တုရင်တောင်စွယ်တော်မြတ်စေတီ၊ လောကနန္ဒာစွယ်တော်မြတ်စေတီ၊ ဗူးဘုရား၊ ပြဿာဒ်ကြီး၊ ပဿာဒဘုရား၊ ရွှေဂူကြီးဘုရား၊ အာနန္ဒာဘုရား၊ မြစေတီဘုရား၊ အင်ကြင်းဂူဘုရား၊ လောကမာန်ကင်းဘုရား၊ စိုးမင်းကြီးဘုရားနှင့် ညောင်ဦးမြို့မှ ပုဂံမြို့သစ်သွားအနော်ရထာနှစ်လမ်းသွား ကားလမ်းမကြီးဘေး တစ်ဖက်စီတွင် ရှိသောဘုရားများကို မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများက ဆီမီးများကပ်လှူပူဇော်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(၄၈၁)

မိတ္ထီလာ အောက်တိုဘာ ၂၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ သမိုင်းဝင် မဟာဓမ္မရာဇိက ရွှေမြင်တင်စေတီတော်၌ (၃၃)ကြိမ်မြောက် သီတင်းကျွတ် ဆီမီးထွန်းညှပူဇော်ပွဲကို သီတင်းကျွတ်လပြည့်နေ့ ညနေ ၆ နာရီက ကျင်းပခဲ့သည်။

သမိုင်းဝင် မဟာဓမ္မရာဇိက ရွှေမြင်တင်စေတီတော်မှာကျင်းပတဲ့ ဆီမီးထွန်းညှပူဇော်ပွဲဟာ ဒီနှစ်ဆို (၃၃)ကြိမ်မြောက် ဖြစ်ပါတယ်။ ရွှေမြင်တင်စေတီတော်မှာ သီတင်းကျွတ်လပြည့်နေ့နဲ့ တန်ဆောင်မုန်းလပြည့်နေ့တွေမှာ နှစ်စဉ်နှစ်တိုင်း ဆီမီးထွန်းညှပူဇော်ပွဲကို အလှူရှင်များရဲ့အများစုပေါင်းလှူဒါန်းမှုနဲ့ စေတီတော်ဂေါပကအဖွဲ့က ဦးစီးဦးဆောင်ပြုပြီး အစဉ်အလာမပျက် ကျင်းပတာဖြစ်ပါတယ်။ ဆီမီးခွက်ပေါင်း ကိုးထောင်ခန့် ထွန်းညှပူဇော်တာဖြစ်ပါတယ်ဟု အဆိုပါ စေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူးက ပြောသည်။ မိတ္ထီလာမြို့ သမိုင်းဝင်မဟာဓမ္မရာဇိက ရွှေမြင်တင် စေတီတော်သည် မိတ္ထီလာတောင်ကန်၏ အရှေ့တောင်ဘက်ရတနာမာရ်အောင်ရပ်ကွက်နယ်မြေ မင်းဝံတောင်ကုန်းထိပ် ရန်ကုန်-မန္တလေးကားလမ်းမဟောင်းအရှေ့ဘက်တွင် ကပ်လျက်တည်ရှိပြီး ရှေးမင်းများ အဆက်ဆက်တည်ထားပြုပြင်ကိုးကွယ်ခဲ့သော စေတီတော်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)(၄၅၃)



ရမည်းသင်း၊ အောက်တိုဘာ ၂၇

မြန်မာသက္ကရာဇ် ၁၃၈၈ခု နှစ် သီတင်းကျွတ်လပြည့်နေ့ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်တွင် လှည့်လည်ပူဇော်မည့် နှစ်ကျိပ်ရှစ်ဆူဘုရားများအား ပင့်ဆောင်၍ မော်တော်ယာဉ် ၂၇ စီးဖြင့် လှည့်လည်ပူဇော်ခဲခြင်းကို အောက်တိုဘာ ၂၆ ရက် မွန်းလွဲ ၃နာရီက မြို့မရပ်ကွက်ရှိ ရန်အောင်မြင်မြတ်စွာဘုရားကျောင်းရှေ့မှ ပင့်ဆောင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ နှစ်ကျိပ်ရှစ်ဆူဘုရားများအား ကိန်းဝပ်စံပယ်လျက်ရှိသော မြို့မရပ်ကွက်ရှိရန်အောင်မြင်မြတ်စွာဘုရားတွင်းမှ ပင့်ဆောင်မော်တော်ယာဉ် ၂၇ စီးဖြင့် ရန်အောင်မြင်ဓမ္မာရုံမှ မြကျွန်းသာလမ်း-မင်းနန်းသူလမ်း - ရွှေမြင်ဘုရားလမ်း - ရန်ကုန် -မန်းလေးကားလမ်း ဟောင်း-မဟာစည်ရိပ်သာလမ်း - တောင်ငူတန်းလမ်းအတိုင်း လက်ယာရစ်ပတ် လှည့်လည်အပူဇော်ခဲခဲ့သည်။

ထို့နောက် ညနေ ၆ နာရီမှ စတင်၍ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ စေတီပုထိုးများတွင်ဆီမီး ၁၀၀၀ ကပ်လှူပူဇော်ခြင်းကို အေးချမ်းပျော်ရွှင်စွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ခရိုင်(ပြန်/ဆက်)



ပြင်ဦးလွင် အောက်တိုဘာ ၂၇

ပြင်ဦးလွင်မြို့တွင် တည်ထားကိုးကွယ်လျက်ရှိသော မဟာအုံထူးကံသာ ဆုတောင်းပြည့်ဘုရားကြီး (ပြည်ချစ်ဘုရား)၌ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)ဆီမီးထွန်းညှပူဇော်ပွဲကို အောက်တိုဘာ ၂၆ ရက် ညနေ ၆ နာရီက ဘုရားကြီး၏ ရင်ပြင်တော်၌ ကျင်းပခဲ့သည်။ မဟာအုံထူးကံသာဆုတောင်းပြည့်ဘုရားကြီးတွင် ဆီမီးထွန်းညှပူဇော်ပွဲကို နှစ်စဉ်နှစ်တိုင်းကျင်းပခဲ့ရာ ယခင်နှစ်များနည်းတူ ယခုနှစ်မှာလည်း ဆီမီး ၉၀၀၀ကို ထွန်းညှပူဇော်ပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ စိတ်ပါဝင်စားစွာဖြင့် ပါဝင်ဆင်နွှဲပူဇော်ကြသည်။

ယခုလို သီတင်းကျွတ်လပြည့်နေ့တွင် မြတ်စွာဘုရားအား ဆီမီးများဖြင့် လှည့်လည်ပူဇော်ခြင်း၊ ဆီမီးများထွန်းညှိပူဇော်ခြင်း၊ ဘုရားပန်းများ၊ အမွေးနံ့သာတိုင်များ၊ သောက်တော်ရေချမ်းကပ်လှူရခြင်းကြောင့် အလွန်ပင်ကုသိုလ်များ ရရှိပါကြောင်း ဘုရားဖူးပြည်သူများကိုယ်စား ဒေသခံတစ်ဦးမှ ပြောကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(ခရိုင်ပြန်/ဆက်)



မန္တလေး အောက်တိုဘာ ၂၇

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်ရှိ ဆုတောင်းပြည့်စွယ်တော်မြတ်စေတီတော်တွင် သီတင်းကျွတ်လပြည့်နေ့၌ အစဉ်အလာမပျက် ကျင်းပသည့် ဆီမီး ၉၀၀၀ ထွန်းညှပူဇော်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပွဲကို အောက်တိုဘာ ၂၆ ရက်က ကျင်းပခဲ့သည်။

(ယာပုံ)

ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲကို ၂၀၀၉ ခုနှစ်မှ စတင်၍ နှစ်စဉ်ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုနှစ်တွင်လည်း သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)အထိမ်းအမှတ်အဖြစ် ဥပုသ်သီလခံယူဆောက်တည်ပွဲ၊ ဓမ္မစကြာရွတ်ဖတ်ပူဇော်ပွဲ၊ ဆီမီးထွန်းညှိပူဇော်ပွဲနှင့် မီးပုံးပျံလွှတ်တင်ပွဲတို့ကို ထည့်သွင်းကျင်းပခဲ့သည်။

ဆီမီးထွန်းညှိပူဇော်ပွဲကို ဓမ္မစကြာရွတ်ဖတ်ပူဇော်မှုနှင့်အတူ ကျင်းပခဲ့ပြီး သတ်မှတ်ချိန်တွင် ဆီမီး ၉၀၀၀ ကို ထွန်းညှိပူဇော်ခဲ့ကြသည်။

သီတင်းကျွတ်လပြည့်နေ့သည် ဂေါတမမြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်၌ ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားဟောကြားပြီး လူပြည်သို့ ပြန်လည်ကြွရောက်လာသည့် နေ့ထူးနေ့မြတ်အဖြစ် ဗုဒ္ဓဘာသာဝင်များက သတ်မှတ်ကြပြီး ဆီမီးများထွန်းညှိပူဇော်ကာ ကုသိုလ်ယူလေ့ရှိကြသည်။

(မန္တလေးနေ့ခွဲ-၆)



တံတားဦး အောက်တိုဘာ ၂၇

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် တံတားဦးမြို့နယ်၊ မီးသွေးတိုက်ကျေးရွာအုပ်စုဆင်ကျုံးကျေးရွာရှိ လောကသရဖူဘုရားကြီးတွင် ဆီမီး ၃၀၀၀ ထွန်းညှိပူဇော်ပွဲကို အောက်တိုဘာ ၂၅ ရက် ညနေ ၆ နာရီက အဆိုပါဘုရားကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ ဆီမီးထွန်းညှိပူဇော်ပွဲသို့ တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေဇော်အောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၀၉)





လေးမျက်နှာ ရန်အောင်ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ (၁၉)ကြိမ်မြောက် ဆီမီး ၁၁၁၁၀ ပူဇော်ပွဲ ကျင်းပ

လားရှိုး အောက်တိုဘာ ၂၇

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့တွင် ဝါလကင်းလွတ် သီတင်းကျွတ်လပြည့် (အဘိမွှာအခါတော်နေ့)၌ အရှေ့ခါးရိုးပရိယတ္တိစာသင်ကျောင်းတိုက်ကြီး အတွင်း၌ ၁၂၇၆ ခုနှစ်က တည်ထားကိုးကွယ်တော်မူသော လေးမျက်နှာ ရန်အောင်ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ (၁၉) ကြိမ်မြောက် ဆီမီး ၁၁၁၁၀ ပူဇော်ပွဲကို အောက်တိုဘာ ၂၆ရက် ညနေပိုင်းက အဆိုပါ ကျောင်းတိုက်ကြီး၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ပြီး အရှေ့ခါးရိုးပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပရဟန်းအဖွဲ့ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တသုဇာတ (PhD) သာသနဓဇမဟာရဋ္ဌ၊ ဝိနယဝိဒူ၊ ဒီဃနိကာယဝိဒူ၊ သံယုတ္တနိကာယဝိဒူ၊ ဂန္ထဝါစကပဏ္ဍိတ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇက ဆီမီးလှူကျိုး ဂါထာတော်ကို ရွတ်ဖတ်ပူဇော်ခဲ့သည်။

ထို့နောက် အရှေ့ခါးရိုးပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပရဟန္တာယကဆရာတော်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကိုသွင်နှင့် ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းမြောက်) ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းတို့က (၁၉)ကြိမ်မြောက် ဆီမီး ၁၁၁၁၀ ပူဇော်ပွဲအား ဖဲကြိုး ဖြတ်ဖွင့်လှစ်ခဲ့ပြီး တက်ရောက်လာသောတဝန်ရှိသူများ၊ ဆီမီးအလှူရှင်များက လေးမျက်နှာ ရန်အောင်ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား ဆီမီး ၁၁၁၁၀ ထွန်းညှိပူဇော်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

လူမော်(ပြန်/ဆက်)

o-o-o-o-o-o

မိုးမရှိသော သုံးခွဲလေ ခွဲတောဆင်းရဲမည်။

သီတင်းကျွတ်ကာလတွင် ပဲ၊ နှမ်းဈေးကွက် ပုံမှန်သာ အရောင်းအဝယ်ရှိနေ

သီတင်းကျွတ်ကာလတွင် ပဲ၊ နှမ်းဈေးကွက် ပုံမှန်သာ အရောင်းအဝယ်ရှိနေကြောင်း ပဲကုန်သည်များထံမှ သိရသည်။

'သီတင်းကျွတ်ကာလဖြစ်ပေမယ့် ပြည်တွင်း ဒေါ်လာဈေး တည်ငြိမ်တော့ ပို့ကုန်ပဲတွေရော၊ ပြည်တွင်းသုံးပဲတွေရော ပုံမှန် အရောင်းအဝယ် ရှိနေတယ်။ ပို့ကုန်ပဲတွေကတော့ ဈေးကျဆင်းနေတယ်။ ပြည်တွင်း ဆီစက်တွေက ဆီကြိတ်ခဲ့နိုင်မှုကောင်းပြီး မြေပဲဆန်ဝယ်ယူမှုများလာတော့ ဈေးအနည်းငယ် ပြန်တက်နေတာပါ။ လက်ရှိ ပဲ၊ နှမ်းဈေးကွက်ကတော့ ပုံမှန်သာ အရောင်းအဝယ်ရှိတယ်' ဟု ၄င်းကပြောသည်။

အောက်တိုဘာ ၂၄ ရက်တွင် ပို့ကုန်ပဲများတွင် ပဲစင်းငုံနှင့် မတ်ပဲမှာ ဈေးအနည်းငယ် ကျဆင်းမှုရှိသော်လည်း ပဲတီစိမ်းမှာ ဝယ်လိုအားကောင်းလာ၍ ဈေးမြင့်တက်လာရာ ပဲစင်းငုံ ပိသာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၃၆ ၅၀၀၀၊ မတ်ပဲပိသာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀၊ ပဲတီစိမ်း(အညာ) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀၀ အထိ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲ အုပ်စုမှာ အနည်းငယ် အတက်အကျရှိသော်လည်း အရောင်းအဝယ် ပုံမှန်ရှိနေရာ V2 ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၅၅၀၀၀၊ V7 သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၃၅၀၀၀၊ ၉၂၉ ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၅၃၀၀၀ ပေါက်ဈေးရှိနေသည်။

နှမ်းမျိုးစုံ ဈေးကွက်မှာ အောက်တိုဘာ ၂၄ ရက်တွင် နှမ်းနက် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၆၂၀၀၀၀၊ နှမ်းဖြူ(ကျပန်) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၅၄၀၀၀၀၊ နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၅၁၅၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိသာလျှင် ငွေကျပ် ၁၂၈၅၀၊ မြေပဲဆီ တစ်ပိသာလျှင် ငွေကျပ် ၂၄၀၀၀၊ ပဲဖတ် တစ်ပိသာလျှင် ငွေကျပ် ၅၈၀၀ အသီးသီး ပေါက်ဈေး ရှိနေသည်။

အောက်တိုဘာလအတွင်း ဧရာဝတီမြစ်၊ ကျွန်းစိုက်ခင်းများတွင် ပဲမျိုးစုံကို အဓိကစိုက်ပျိုးကြရာ ယခုအချိန်တွင် ရေစတင်ကျဆင်းနေပြီဖြစ်၍ ဈေးကွက်ဝင် ပဲမျိုးများကို တောင်သူများ ရွေးချယ်စိုက်ပျိုးကြရာ ဈေးကောင်းရရှိသည့် ကျွန်းစားတော်ပဲ၊ မြေထောက်ပဲ၊ ပဲကြီး၊ ပဲနီပြာတို့ကို စိုက်ပျိုးနိုင်ရန် မျိုးဝယ်ယူမှုများ ရှိနေခြိန် ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ) ရွှေမန်း



အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ရှုံးထွက်(ကွာတားဖိုင်နယ်) ပွဲစဉ်များ ဆက်လက်ကျင်းပ

နမ်စန် အောက်တိုဘာ ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဗလား အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲကို အောက်တိုဘာ ၂၅ ရက်မှစတင်၍ ကျင်းပလျက်ရှိရာ ယမန်နေ့ညနေပိုင်းက ရှုံးထွက်(ကွာတားဖိုင်နယ်) ပွဲစဉ်များကို မြို့နယ်ကျောက်တိုင်အားကစားကွင်း၌ ဆက်လက်ကျင်းပခဲ့သည်။



မွန်းလွဲ ၂ နာရီခွဲတွင် ကွာတားဖိုင်နယ် ပထမပွဲစဉ်အဖြစ် အမှတ်(၁)ရပ်ကွက် ဘောလုံးအသင်းနှင့် အမှတ်(၉)ကျေးရွာ ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ အမှတ်(၁)ရပ်ကွက် အသင်းက ၃ ဂိုး၊ ၂ ဂိုးဖြင့် အနိုင်ရခဲ့သည်။

ကွာတားဖိုင်နယ်ပွဲစဉ်များကို နေ့စဉ် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ဆီမီးဖိုင်နယ် ပွဲစဉ်များကို အောက်တိုဘာ ၂၈ ရက်၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း မြို့နယ်အားကစားမှူး ဦးစောနိုင်ဝင်းထံမှ သိရသည်။

(ဝဲပုံ)မြို့နယ်(ပြန်/ဆက်)

အပူဒဏ်ကာကွယ်ရေးများနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေး

မန္တလေး အောက်တိုဘာ ၂၇

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်တွင် စူပါအယ်လ်နီညိုရာသီဥတုဖြစ်စဉ်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအား ယမန်နေ့ မွန်းလွဲ ၃နာရီက ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးနှင့်အတူ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဌာနဆိုင်ရာများ လိုက်ပါ၍ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် မြို့နယ်မီးသတ်ဦးစီးဌာနခွဲ စူပါအယ်လ်နီညိုရာသီဥတုဖြစ်စဉ်များကြောင့် အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် မီးသတ်ရေသယ်ယာဉ်များ၊ အရေးပေါ် ရှာဖွေကယ်ဆယ်ရေးသုံး Hydrolic Tool ပစ္စည်းများ ပြင်ဆင်ထားရှိမှု၊ စုဖွဲ့ထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေး၍ သန္ဓေအရန်တပ်ဖွဲ့ဝင်များဖြင့် တွေ့ဆုံကာ အရေးပေါ်အခြေအနေများ ဖြစ်ပေါ်လာပါက ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ ပုသိမ်ကြီး ပြည်သူ့ဆေးရုံသို့ သွားရောက်ကာ မြို့နယ်အတွင်း စူပါအယ်လ်နီညို အပူဒဏ်ခံစားရသည့် လူနာများ ရောက်ရှိလာပါက အထူးစီစဉ် ဖွင့်လှစ်ထားသည့် လူနာဆောင်များ၊ လိုအပ်သည့် ဆေးဝါးများ ရရှိစေရေး ကြပ်မတ်ဆောင်ရွက်ကြရန် ပြောကြားခဲ့ပြီး လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ) ရွှေရန်ကင်း



မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေး

ညောင်ဦး အောက်တိုဘာ ၂၇




မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံနယ်မြေမီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဒေသတွင်းမီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရန်နှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန် ရည်ရွယ်၍ အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းက တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံစိတ်ချရမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ မီးဘေးလုံခြုံရေးအတွက် ကွင်းဆင်းစစ်ဆေးရာတွင် ပုဂံနယ်မြေမီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးမောင်မောင်သိန်း ဦးဆောသော မီးသတ်တပ်ဖွဲ့ဝင်များက ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အတူ ပုဂံမြို့သစ်သီရိပစ္စယာရပ်ကွက်အတွင်း လူနေအိမ်များအား တစ်အိမ်တက် ဆင်းသွားရောက်ပြီး အယ်လ်နီညိုဖြစ်စဉ်နှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရမည့် ကျန်းမာရေး ဆိုင်ရာများနှင့် မီးဘေးအန္တရာယ် ဆိုင်ရာများကို အသိပညာပေး ရှင်းလင်းပြောကြားကာ မီးဘေးလုံခြုံစိတ်ချရမှု ရှိ၊ မရှိ အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၄၅)

KNPP ၊ KNDF နှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့များက သီတင်းကျွတ်လပြည့် အဘိဓမ္မာနေ့၌ ကယားပြည်နယ် လွိုင်ကော်မြို့ လယ်ထွဲကျေးရွာတွင် အေးချမ်းစွာ ကုသိုလ်ပြုနေသည့် အပြစ်မဲ့ဒေသခံတိုင်းရင်းသားပြည်သူများအား ရှော့တိုက်ဒုံးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဒေသခံတိုင်းရင်းသားပြည်သူငါးဦး ဒုံးစထိမှန်ဒဏ်ရာရရှိ



KNPP ၊ KNDF နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက လွိုင်ကော်မြို့ လယ်ထွဲကျေးရွာသို့ ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။

နေပြည်တော် အောက်တိုဘာ ၂၇

ကယားပြည်နယ်ရှိ ပြည်သူများ အနေဖြင့် အောက်တိုဘာ ၂၆ ရက် သီတင်းကျွတ်လပြည့် အဘိဓမ္မာနေ့၌ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဘုန်းတော်ကြီး ကျောင်းများနှင့် အပန်းဖြေနေရာများ၌ ကောင်းမှုကုသိုလ်ပြုလုပ်ခြင်း၊ အပန်းဖြေလည်ပတ်ခြင်းများ ပြုလုပ်လျက်ရှိစဉ် KNPP၊ KNDF နှင့် PDF အမည်ခံ အကြမ်းဖက် ပူးပေါင်းအဖွဲ့များက ရှော့တိုက်ဒုံးများဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် အေးချမ်းစွာ ကုသိုလ်ယူနေသည့် အပြစ်မဲ့ ဒေသခံတိုင်းရင်းသား ပြည်သူငါးဦး ဒုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဗုဒ္ဓဘာသာဝင်များ၏ ၁၂ လရာသီ ပွဲတော်များထဲမှ အထူးခြားဆုံးဖြစ်သည့် သီတင်းကျွတ်လပြည့်နေ့ ဖြစ်သော အောက်တိုဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကယားပြည်နယ် လွိုင်ကော်မြို့ လယ်ထွဲကျေးရွာမှ ဒေသခံ တိုင်းရင်းသားပြည်သူများသည် ကျေးရွာအတွင်းရှိ ဘုန်းတော်ကြီး ကျောင်း၌ ကုသိုလ်ကောင်းမှုများ ပြုလုပ်လျက်ရှိစဉ် KNPP၊ KNDF နှင့် PDF အမည်ခံ အကြမ်းဖက် ပူးပေါင်းအဖွဲ့များက လွိုင်ကော်မြို့ လယ်ထွဲကျေးရွာ၏ အရှေ့ဘက်မိတာ ၅၅၀၀ ခန့်အကွာမှနေ၍ ရှော့တိုက် ဒုံးများဖြင့် ကျေးရွာအတွင်းသို့ အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဘုန်းတော်ကြီးကျောင်း ဝင်းအနီးနှင့် လူနေအိမ်များ အပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် အေးချမ်းစွာကုသိုလ်ပြုနေသည့်အပြစ်မဲ့ဒေသခံတိုင်းရင်းသား ပြည်သူ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီး သုံးဦးတို့၌ ဗုံးသီးစထိမှန် ဒဏ်ရာများ ရရှိခဲ့သည်။

အထက်ပါဖြစ်စဉ်မှ ထိခိုက် ဒဏ်ရာရရှိခဲ့သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လွိုင်ကော်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း၊ အဆိုပါဖြစ်စဉ်နေရာ တစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက် ရှိကြောင်းနှင့် ယခုကဲ့သို့ နေ့ထူးနေ့မြတ်များ၌ ဖျက်ဆီးလိုသော ရည်ရွယ်ချက် အပြင် စစ်ရေးနှင့် မသက်ဆိုင်သည့် လူစည်ကားရာနေရာသို့ အများ ပြည်သူများအား အစုလိုက် အပြုံလိုက် သေကျေဒဏ်ရာရရှိ စေခြင်းအလို့ငှာ ရည်ရွယ်ချက် ရှိရှိဖြင့် လာရောက်ပစ်ခတ်ခဲ့သည့် အကြမ်းဖက် သမားများ၏ ယုတ်မာရိုင်းစိုင်းပြီး လူမဆန် သည့် အကြမ်းဖက်လုပ်ရပ်များ အား ဒေသခံတိုင်းရင်းသား ပြည်သူများက ရွံရှာမုန်းတီး လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်





လွိုင်ကော်မြို့ လယ်ထွဲကျေးရွာသို့ KNPP၊ KNDF နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ရှော့တိုက်ဒုံး သုံးလုံးဖြင့် ပစ်ခတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





လွိုင်ကော်မြို့ လယ်ထွဲကျေးရွာသို့ KNPP၊ KNDF နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ရှော့တိုက်ဒုံး သုံးလုံးဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ဒေသခံပြည်သူများ ဒဏ်ရာရရှိခဲ့မှုကို တွေ့ရစဉ်။



သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်

မကွေး အောက်တိုဘာ ၂၇

